# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၊ ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ



နေပြည်တော် ဖေဖော်ဝါရီ ၁၂

**၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒနိနီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊


*စာမျက်နှာ ၆ ကော်လံ ၁*❊


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



# စည်းလုံးခြင်းသည် အခြေခံအုတ်မြစ်

ဗြိတိသျှနယ်ချဲ့လက်အောက် သို့ကျွန်ဘဝမရောက်ခင်က မြန်မာနိုင်ငံသည် ဘုရင်အုပ်ချုပ်သည့် ပဒေသရာဇ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသာမက အာရှတိုက်တစ်ခုလုံး အရှေ့တိုင်းပုံစံ ပဒေသရာဇ်စနစ်ကို ကျင့်သုံးနေကြခြင်းဖြစ်သည်။ နိုင်ငံများ၏ ပိုင်နက်နှင့် နယ်စပ်စည်းမျဉ်းများက ပဒေသရာဇ်မင်းတို့ အင်အားကြီးလျှင်ကြီးသလောက်၊ လက်ရုံးဆန့်တန်းနိုင်လျှင် ဆန့်တန်းနိုင်သလောက် ကျယ်ဝန်းကြရသည်။ အုပ်ချုပ်ရေးဗဟိုသည် မြို့ပြယဉ်ကျေးမှု Civilization အဖွံ့ဖြိုးဆုံး၊ စီးပွားရေးအချက်အချာ၊ ကာကွယ်ရေးစွမ်းအား အတောင့်တင်းဆုံးနေရာတို့မှာ တည်ရှိသည်။

ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးဗဟိုသည် အများအားဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတို့တွင် အခြေစိုက်ခဲ့သည်။ အုပ်ချုပ်ခဲ့သူ ဘုရင်တို့မှာ ဗမာလူမျိုးတစ်မျိုးတည်းသာမဟုတ်၊ ရှမ်း၊ မွန်၊ ကရင်တို့လည်း ပါဝင်သလို ဝန်ကြီးများအပါအဝင် အဆင့်မြင့်အရာရှိကြီးများတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ တစ်ပြည်ရပ်ခြားက ကျူးကျော်စစ်ပြုလာလျှင် အုပ်ချုပ်ရေးဗဟိုဖြစ်သည့် နေပြည်တော်က ဦးဆောင်ကာ အဝေးအုပ်ချုပ်ရေးနယ်များမှ ထောင်ပြုမြို့၊ ရာပြုမြို့များကပါ လိုက်ပါ၍ ပြည်ပရန်ကို ကာကွယ်ခဲ့ကြသည်။ တစ်ခါတစ်ရံတွင် ဩဇာအာဏာချဲ့ထွင်ရန်အတွက် ခရီးရှည် ချီတက်တိုက်ခိုက်ကြရာတွင်လည်း တိုင်းရင်းသားတပ်များ ပါဝင်ခဲ့ကြရာ စည်းလုံးညီညွတ်သည့် မြန်မာတို့၏ ဩဇာအာဏာသည် ယနေ့ခေတ် မြန်မာနိုင်ငံမြေပုံမှ နယ်နိမိတ်များထက် များစွာကျော်လွန်ခဲ့သည်။ “ပြည်ထောင်စု” ဟူသော အခေါ်အဝေါ်ဝေါဟာရကို သုံးစွဲခြင်း မရှိသေးသော်လည်း ထိုစဉ်က မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံပင်ဖြစ်သည်။ ပဒေသရာဇ်ခေတ်ဖြစ်သည့်အတွက် တန်ခိုးဩဇာ ဖြန့်ကြက်ခြင်းနှင့် သစ္စာတော်ခံခြင်းတို့ကသာ အမျိုးသားနိုင်ငံရေးပုံစံ ဖြစ်ခဲ့သည်။ မင်းကျင့်တရားနှင့်အညီအုပ်ချုပ်ပြီး တိုင်းပြည်ကိုသာယာဝပြောစေသူ၊ သာသနာတော်ကို စောင့်ရှောက်သူ မည်သည့် (တိုင်းရင်းသား) လူမျိုးကိုမဆို ထီးနန်းတွင် လက်ခံခဲ့သော်လည်း မင်းဆိုးမင်းညစ် ဖြစ်ခဲ့ပါမူ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သမိုင်းတွင် အထင်အရှား တွေ့နိုင်သည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်ကျရောက်ခဲ့ပြီးနောက် နှစ်ပေါင်း (၆၀) ကျော်ကြာ ထီးနှင့်နန်းနှင့်ကင်းကွာ၍ တိုင်းတစ်ပါး၏ အုပ်ချုပ်မှု အောက်တွင် နေခဲ့ရပြီး ကမ္ဘာ့အခြေအနေရော မြန်မာ့အခြေအနေပါ ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးလျှင် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံဖွဲ့စည်း၍ သမ္မတစနစ်ဖြင့် အုပ်ချုပ်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက စုပေါင်းချမှတ်ခဲ့ကြသည်။ ပဒေသရာဇ်ခေတ်တွင်ရှိခဲ့သည့် ပြည်ထောင်စုသည် တန်ခိုး အာဏာနှင့် သစ္စာတော်ခံမှုကို ဦးထိပ်ထားခဲ့သော်လည်း ခေတ်သစ်ပြည်ထောင်စုတွင်မူ စည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီတို့က အဓိကဖြစ်လာသည်။ ခေတ်သစ်ကမ္ဘာတွင် နိုင်ငံများ၏ နယ်စပ်စည်းမျဉ်းများက တိတိကျကျ ပြတ်ပြတ်သားသားဖြစ်သလို မျိုးနွယ်တူများပင်ဖြစ်စေကာမူ နယ်စပ်မျဉ်း၏ တစ်ဖက်တစ်ချက်တွင် ရှိနေသူများမှာ နိုင်ငံမတူတော့။ မိမိတို့ရပ်တည်ရာနေရာ ဒေသပေါင်းစည်းတည်ရှိနေသည့် မြေသည်သာ မိမိတို့၏ဇာတိ၊ မိမိတို့၏ အမိမြေ၊ ဤမြေပေါ်တွင် ကောင်းတူဆိုးဖက် အတူတကွ ယှဉ်တွဲနေထိုင်ကြသူများသည် ကံကြမ္မာတူ မိသားစု၊ သွေးရင်းသားရင်း၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမများသာ။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော ပြီးခဲ့သည့် ဆယ်နှစ်တာအတွင်း မြန်မာ့နိုင်ငံရေး စိမ်းသည်ဖြစ်စေ၊ နီသည်ဖြစ်စေ ဗိုလ်ကျစိုးမိုးလိုသည့် တိုင်းတစ်ပါး အင်အားစုများက မိမိတို့နိုင်ငံကို ၎င်းတို့၏ အလိုအတိုင်း မဖြစ်ဖြစ်အောင် ဖိအားပေးခဲ့ကြသည်ကို မိမိတို့တွေ့ကြုံခဲ့ကြပြီးဖြစ်သည်။ အင်အားချည့်နဲ့နေပြီး ၎င်းတို့၏ ဩဇာခံဖြစ်ရေးကိုသာ ဝါယမအထူး စိုက်ခဲ့သော်လည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် အကြောင်းအမျိုးမျိုးပြကာ နှောင့်နှေးခဲ့ကြသည်ကိုလည်း တွေ့ကြုံခဲ့ရသည်။ မိမိတို့အဖို့ပြည်တွင်းအားသည်သာလျှင် အခရာ။ အားလုံး အတူတကွ စည်းလုံးညီညွတ်ခြင်းသည်သာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်ကို အမြင်ကြည်ကြည်လင်လင်ဖြင့် ရှုမြင်နိုင်ကြပါစေကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း / ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယနေ့ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခေတ္တဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခေတ္တဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုစသည့် ပြခန်းများကိုလည်းကောင်း၊ အားကစားပြိုင်ပွဲများကိုလည်းကောင်း တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

၎င်းအပြင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် လမ်း၊ တံတား၊ အဆောက်အအုံများ၊ အားကစားကွင်းများနှင့် ဌာနဆိုင်ရာ ပြခန်းများအား ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနား စစ်တွေမြို့၌ ကျင်းပစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ညောင်ဦးခရိုင်၌ ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ယနေ့နံနက် ၅ နာရီခွဲတွင် နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်ခဲ့သည်။

နိုင်ငံတော်အလံတင် အခမ်းအနား တက်ရောက်လာကြသူများက နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံအား လွှင့်တင်၍အလေးပြုခဲ့ကြပြီး နိုင်ငံတော်အလံတင် အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၆၇ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၂၈ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲဖြစ်

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခါသမယမှာ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံသမိုင်းမှာ လွန်စွာထူးခြားလေးနက်တဲ့ **စိန်ရတု ပြည်ထောင်စုနေ့အခါသမယမှာ အခုလို ဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနဲ့ ခမ်းနားစွာကျင်းပနိုင်ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိ**ပါတယ်လို့ ဦးစွာပြောကြား လိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း တစ်ရာကျော် ကိုလိုနီနယ်ချဲ့တို့ရဲ့ မတရားကျူးကျော်မှုကို ခံခဲ့ရပါ တယ်။ ၁၉ ရာစုအတွင်းမှာ အင်အားကြီးနိုင်ငံတွေဟာ နိုင်ငံငယ် များအပေါ် အပြိုင်အဆိုင် မတရားကျူးကျော်ရန်ပြုခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံဟာလည်း အခြားနိုင်ငံငယ်များနည်းတူ နယ်ချဲ့တို့ရဲ့ လက်အောက် ကျရောက်ခဲ့ရပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဖြစ်တည်မှုတွေကို ပြန်ပြောင်း ကြည့်မယ်ဆိုရင် အချုပ်အခြာအာဏာပိုင်ပြီး၊ တည်တံ့ခိုင်မြဲတဲ့ ရေမြေပိုင်နက် နယ်နိမိတ်၊ ခိုင်မာတဲ့လူမျိုးသမိုင်း/ နိုင်ငံ့သမိုင်းတွေနဲ့ နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုး များအားလုံးဟာ ပြည်ထောင်စုစိတ်ဓာတ်အခြေခံနဲ့ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသလို နယ်ချဲ့ လက်အောက် ကျရောက်ခဲ့တဲ့အချိန်မှာလည်း လွတ်လပ်ရေးအတွက် အတူတကွ လက်တွဲတွန်းလှန် တိုက်ထုတ်ခဲ့ကြတယ်ဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။

အတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြတဲ့အခါ **တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး ချစ်ကြည်စည်းလုံး မှုကို တည်ဆောက်နိုင်ခဲ့တဲ့ကာလတွေမှာ နိုင်ငံ့အင်အားတောင့်တင်း ခိုင်မာပြီး သာယာဝပြော**ခဲ့ကြပေမယ့် အချင်းချင်းစည်းလုံးမှု လျော့ပါး ခဲ့ကြတဲ့အချိန်မှာတော့ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ကာ သူ့ကျွန်ဘဝ ကျရောက်ခဲ့တယ်ဆိုတာကို ခါးသီးစွာ သင်ခန်းစာယူကြရမှာဖြစ် ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသောဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က မတရားကျူးကျော်စစ် (၃)ကြိမ် ဆင်နွှဲပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့ကြတာကိုကြည့်ရင် ကျွန်တော်တို့ ဘိုးဘွားမိဘတွေဟာ နယ်ချဲ့ကို လွယ်လွယ်ကူကူ အရှုံးပေးအညံ့ခံခဲ့တာ မဟုတ်ပါဘူး။ သူ့ကျွန်မခံလိုတဲ့စိတ်၊ တိုင်းတစ်ပါး လက်အောက်အညံ့မခံ အရှုံးမပေးလိုတဲ့စိတ်တွေနဲ့ ရရာလက်နက် ဆွဲကိုင်ပြီး ခုခံတော်လှန်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

မတတ်သာလို့သာ သူ့ကျွန်ဘဝမှာ မီးခဲပြာဖုံးဘဝနဲ့ နေခဲ့ရ ပေမယ့်လည်း ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေကြောင့် သူ့ကျွန် ဘဝမှ လွတ်မြောက်အောင်နည်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်နိုင်ခဲ့ ကြပါတယ်။

ကိုလိုနီကျွန်ဘဝမှာ အဆိုးရွားဆုံးသောရက်စက်ယုတ်မာမှုက တော့ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအကြားမှာ သွေးခွဲအုပ်ချုပ်ခြင်းပဲ ဖြစ်ပါတယ်။ တောင်တန်းဒေသများက တိုင်းရင်းသားတွေနဲ့ မြေပြန့်ဒေသက တိုင်းရင်းသားတွေကြားမှာ သံသယစိတ်အမျိုးမျိုး ရိုက်သွင်းကာ ကျွန်သက်ရှည်အောင် ဆောင် ရွက်ခဲ့ကြပါတယ်။ မလွှဲသာလို့ လွတ်လပ်ရေး ပေးရတော့မယ့်အချိန် အထိ ခွဲခြားအုပ်ချုပ်မှုတွေ၊ သပ်လျှို သွေးခွဲမှုတွေနဲ့ အချင်းချင်း စည်းလုံးမှု ပြိုကွဲအောင်လုပ်ခဲ့ကြပါတယ်။

ဘယ်လိုပင် သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့သည်ဖြစ်စေ **ကျွန်တော်တို့ရဲ့ ဘိုးဘွားမိဘတွေဟာ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားကာ လွတ်လပ်ရေးကြီးကို ပြန်လည်ရယူပေးခဲ့**ကြပါတယ်။ ဒါပေမယ့်လည်း နယ်ချဲ့ရဲ့ သွေးခွဲ သပ်လျှိုအုပ်ချုပ်မှု အကျိုးဆက်ဟာ ယနေ့အချိန်အထိ ကျွန်တော်တို့ တိုင်းရင်းသားများကြားမှာ ကျန်ရှိနေဆဲဖြစ်လို့ ဒါတွေကို အထူးသတိ ထားပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမှုမဖြစ်အောင် ဝိုင်းဝန်းကာကွယ် ဆောင်ရွက်ကြဖို့ သတိပေးမှာကြားလိုပါတယ်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ တောင်တန်း ပြည်မ မခွဲခြားဘဲ တညီတညွတ်တည်း လွတ်လပ်ရေး အရယူမယ် ဆိုတဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်ကို ချမှတ်ကာ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီလို ပင်လုံစာချုပ်လက်မှတ်ရေး ထိုးခဲ့တဲ့ နေ့ထူးနေ့မြတ်ကြီးကို ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ပြီး ဂုဏ်ပြုခဲ့ကြတာဟာ ယခုဆိုရင် နှစ်ပေါင်း (၇၅)နှစ်ပြည့်မြောက်ပြီး စိန်ရတုအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပြီဖြစ်ပါတယ်။ ယခုလို စိန်ရတု ပြည်ထောင်စုနေ့အခါသမယမှာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား ခေါင်းဆောင်ကြီးတွေ အုတ်မြစ်ချပေးခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေရေးနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်း ခဲ့ကြတဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို ကျွန်တော်တို့ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဖော်ဆောင်ပေးကြ ပါလို့ ထပ်လောင်းတိုက်တွန်းလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုသမိုင်းစဉ်ကို ပြန်လည်သုံးသပ် ရမယ်ဆိုရင် ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလတစ်လျှောက်လုံးမှာ ဖွံ့ဖြိုးပြီးအင်အားကြီးနိုင်ငံအချို့ဟာ မိမိတို့ရဲ့ အမျိုးသား အကျိုးစီးပွား ကို အလေးပေးကြိုးပမ်းအားထုတ်ခဲ့ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ အကြား ပဋိပက္ခအသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဒေသတွင်း စစ်ပွဲငယ်တွေ ဖြစ်ပွားအောင် ဖန်တီးဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလိုဆောင်ရွက်မှုများရဲ့ အကျိုးဆက်ကြောင့် ကမ္ဘာ့မြေပုံပေါ်မှာ နိုင်ငံနယ်နိမိတ်အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့ကြသလို နှစ်ခြမ်းပြိုကွဲခဲ့ ကြတဲ့ နိုင်ငံတွေ၊ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားခဲ့ကြတဲ့ နိုင်ငံကြီးတွေ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေ၊ ပြည်တွင်းစစ်အနိဋ္ဌာရုံတွေနဲ့ တဝဲလည်လည်ဖြစ်နေတဲ့ နိုင်ငံတွေ များစွာပေါ်ပေါက်ခဲ့တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

စစ်အေးခေတ်နှောင်းပိုင်းမှာတော့ နိုင်ငံကြီးအချို့ဟာ ဖွံ့ဖြိုးဆဲ နိုင်ငံများကို သူတို့ရဲ့ဩဇာခံပုဆိန်ရိုးတွေ၊ ကြိုးဆွဲခံရုပ်သေးရုပ်တွေ မွေးမြူပြီး အစပိုင်းမှာ လူမျိုးရေး၊ ဘာသာရေး၊ နောက်ပိုင်းမှာ ဒီမို ကရေစီရေး၊ လူ့အခွင့်အရေးစတဲ့ အကြောင်းပြချက်တွေနဲ့ ပြည်တွင်း ပြည်ပမှ အားပေးအားမြှောက်ပြုကာ သူတို့ရဲ့ ဩဇာခံလောင်းရိပ် အောက်ကို သွတ်သွင်းဖို့ ကြိုးစားခဲ့ကြပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတွေ အနေနဲ့ မိမိတို့ရဲ့ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်း ကာကွယ်နိုင်စွမ်းမရှိပါက ဖရိုဖရဲပြိုကွဲသွားနိုင်တယ်ဆိုတဲ့ နိုင်ငံတကာ သင်ခန်းစာတွေကိုရယူပြီး လေးလေးနက်နက် သတိပြုကြရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

နိုင်ငံတကာက ရရှိခဲ့တဲ့သင်ခန်းစာတွေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအရှိတရားတွေအရ ပြည်ထောင်စုစိတ်ဓာတ်ဟာ အရေးအကြီး ဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် တိုင်းရင်းသားပြည်သူ အားလုံးမှာ ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်နေဖို့ လိုပါတယ်။

**ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာလက်ခံ မှတ်ယူ ထားတဲ့ သဘောထားခံယူချက်ပဲဖြစ်**ပါတယ်။ **တိုင်းရင်းသားအားလုံး ဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့ စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ ဖြစ်တယ်လို့ ခံယူတဲ့ စိတ်ဓာတ်၊ တစ်ဦးမှာ အရေးကြုံရင်တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့ စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့ စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့ စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်**ပါတယ်။

ဒ့ါအပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးလေးစားတဲ့စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ပေါ်မှာ အခြေခံပြီး မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်လိုတဲ့စိတ်၊ နိုင်ငံတော်ရဲ့ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုတဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာမှန်တွေဖြစ်တဲ့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်များဟာ ပြည်ထောင်စုစိတ်ဓာတ်လို့ မှတ်ယူနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိက တိုင်းရင်းသားလူမျိုးကြီး ၈ မျိုးလို့ ဆိုသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများအနေနဲ့ ၁၃၀ ကျော် ရှိပါတယ်။ အချို့တိုင်းရင်းသားတွေက လူဦးရေများပြားပြီး အချို့ တိုင်းရင်းသားတွေကတော့ လူဦးရေနည်းပါးပါတယ်။ ပြည်နယ် အကြီး၊ အသေး ကွဲပြားခြားနားခြင်း၊ လူဦးရေနဲ့ လူမျိုးစုကွဲပြားခြား နားခြင်းများရှိပေမယ့် တိုင်းရင်းသားအားလုံး ရရှိခံစားရတဲ့ အခွင့် အရေးကတော့ တန်းတူညီမျှရှိပြီး ဘယ်သူ့ကိုမှ ပိုပေးထားတာ မရှိပါဘူး။ **ဒီမိုကရေစီဆိုရာမှာ လူအများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို၊ လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစား ရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်ဖြစ်**ပါတယ်။

အချင်းချင်းစည်းလုံးညီညွတ်မှုမရှိဘဲ သံသယတွေ၊ ကိုယ်ကျိုးအတ္တ တွေကိုသာ ဦးစားပေးစဉ်းစားလုပ်ဆောင်နေကြမယ်ဆိုရင် နိုင်ငံ အတွက် အန္တရာယ်အလွန်ကြီးတာကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်း မှာကြားလိုပါတယ်။

> ❑ **စိန်ရတုပြည်ထောင်စုနေ့အခါသမယမှာ အခုလိုဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနဲ့ ခမ်းနားစွာကျင်းပနိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိ**
>
> ❑ **ဒီမိုကရေစီဆိုရာမှာ လူအများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီလိုက်နာဆောင်ရွက်ရမှာဖြစ်သလို၊ လူနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်ဖြစ်**

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

**ချစ်ခင်လေးစားအပ်ပါသော ဋ္ဌေသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ အချက်အချာကျကျ တည်ရှိနေတဲ့အတွက် ပထဝီနိုင်ငံရေးအရ လွန်စွာအရေးပါတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မြောက်ပိုင်းဒေသမှာ နှင်းဖုံးတဲ့ တောင်တန်းကြီးတွေ၊ အလယ်ပိုင်းမှာ ထွန်ယက်စိုက်ပျိုးနိုင်တဲ့ မြေပြန့်လွင်ပြင်တွေနဲ့ တောင်ဘက်ပိုင်းမှာ ပင်လယ်ပြင်နဲ့ ကျွန်းစုများ ရှိတဲ့အတွက် ရေမြေရာသီဥတု လွန်စွာသာယာလှပသလို စားနပ်ရိက္ခာနဲ့ သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိတဲ့အတွက် သဘာဝက ဖန်တီးပေးထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။

ယနေ့အချိန်မှာ ကမ္ဘာ့နိုင်ငံကြီးအချို့ဟာ နိုင်ငံငယ်များရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ အကြောင်းအမျိုးမျိုးပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်နေကြပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နိုင်ငံကို သူတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနဲ့ ဒေသတွင်း ဩဇာကျယ်ပြန့်လာရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ဖိအားပေး အကျပ်ကိုင်တာတွေ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်တာတွေ၊ ပိတ်ဆို့အရေးယူတာတွေ ဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဖြစ်ပေါ်ကာ နိုင်ငံပြိုကွဲအောင်၊ တည်ငြိမ်မှုပျက်ပြားပြီး ဖွံ့ဖြိုးမှုနှောင့်နှေးအောင် ဆောင်ရွက်နေကြတဲ့အတွက် **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုသားအားလုံးက တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးကြပါလို့** တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေအပေါ်မှာ အစွဲကင်းကင်း၊ သံသယကင်းကင်းနဲ့ အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်ကြဖို့ လိုအပ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလရွေးကောက်ပွဲမှာ မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကိုရယူဖို့ ကြိုးစားခဲ့လို့၊ ဒီလိုလုပ်တာကို ထောက်ပြပြီး ဆောင်ရွက်သင့်တာဆောင်ရွက်ဖို့ အကြံပြုတိုက်တွန်းခဲ့တာကို လျစ်လျူရှုခဲ့တဲ့အတွက် အရေးပေါ်ကာလသတ်မှတ်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ မှန်မှန်ကန်ကန်မျှတပြီး သမာသမတ်ရှိတဲ့ ရွေးကောက်ပွဲသာဖြစ်ခဲ့ရင် ခုလိုဖြစ်ဖို့အကြောင်းမရှိပါဘူး။ မရိုးမသားနဲ့ အဓမ္မအာဏာရယူဖို့ ဆောင်ရွက်ခဲ့တဲ့ အကြောင်းတရားတွေရဲ့ အကျိုးဆက်ဟာ ဒီနေ့ကြုံတွေ့နေရတဲ့အခြေအနေတွေပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ အယူအဆမတူတာ သဘောထားကွဲလွဲတာတွေကို လက်ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲစတဲ့ တိုင်းရင်းသားပြည်သူတွေကို ဒုက္ခဆင်းရဲဖြစ်စေတဲ့ ဆူပူအကြမ်းဖက်မှုမျိုးတွေကိုတော့ လက်ခံနိုင်စရာမရှိပါဘူး။ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များက ကာကွယ်ဖို့၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်ပါက တပ်မတော်က ကူညီဆောင်ရွက်ပေးဖို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်တဲ့တာဝန်ကို တပ်မတော်က ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ရွေးကောက်ပွဲမသမာမှုကစခဲ့တဲ့ တရားလက်လွတ်၊ ဥပဒေမဲ့လုပ်ဆောင်နေကြတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ သူတို့ကို ထောက်ပံ့ကူညီနေသူများ၊ ထောက်ခံအားပေးနေသူများအနေနဲ့ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် အမှန်တရားကိုသိမြင်ပြီး မှားနေတာတွေကိုပြင်ဖို့ အချိန်ရောက်နေပြီဆိုတာ သတိပေးလိုပါတယ်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေနဲ့လည်း ဒီဆူပူအကြမ်းဖက်မှုတွေကို လက်ခံ၊ အားပေး၊ ကူညီ ပူးပေါင်းလုပ်ဆောင်နေတာတွေ ရပ်တန့်ပြီး **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ကဖိတ်ခေါ်နေတဲ့ NCA လမ်းကြောင်းပေါ်ကို လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်**ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တာဝန်ယူထားတဲ့ကာလအတွင်းမှာ မည်မျှပင်အခက်အခဲ အဟန့်အတားများရှိနေပါစေ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွား

- ❑ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုသားအားလုံးက တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးကြ**
- ❖ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ကဖိတ်ခေါ်နေတဲ့ NCA လမ်းကြောင်းပေါ်ကို လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်**
- ❍ **ပြည်ထောင်စုကြီး တည်ဆောက်တဲ့နေရာမှာ ဒီမိုကရေစီနှင့်ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နဲ့ ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတ ဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်**

ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့မျှော်မှန်းတဲ့ **ပြည်ထောင်စုကြီး တည်ဆောက်တဲ့နေရာမှာ ဒီမိုကရေစီနှင့်ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နဲ့ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်**ကြောင်း သတိပြုရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီနေ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ **ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာထက်သန်စေရေးအတွက် ကျွန်တော်တို့အစိုးရက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ခမ်းခမ်းနားနား ဆောင်ရွက်နေတာဖြစ်**ပါတယ်။ **အေးအတူ၊ ပူအမျှနေထိုင်ကြတဲ့ ပြည်ထောင်စုရဲ့ အရိပ်အာဝါသနဲ့ လုံခြုံမှုဟာ ဘယ်လောက်စွမ်းအားကြီးမားတယ်ဆိုတာကို ပုံဖော်နေတာဖြစ်ပါတယ်။ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်တဲ့ တိုင်းပြည်တည်ဆောက်ရေး(Nation Building) ကို ပုံဖော်နေတာ ဖြစ်ပါတယ်။ “ငါတို့အားလုံးသည် မြန်မာ” ဆိုတဲ့ ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေတာဖြစ်**ပါတယ်။ ဒီကမှတစ်ဆင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှုစွမ်းပကားနဲ့ တည်ဆောက်နေတာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဋ္ဌေသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့တာ (၇၅) နှစ်ပြည့်ပြီဖြစ်ပါတယ်။ နယ်ချဲ့တွေရဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် **လွတ်လပ်ရေးနဲ့အတူ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်းလုံးညီညွတ်မှုကို များစွာထိခိုက်ခဲ့**ပါတယ်။ ကျွန်တော်တို့ရဲ့ **အရင်းအမြစ်တွေ၊ ခွန်အားတွေ၊ စွမ်းအားတွေ ဒီပဋိပက္ခအပေါ်မှာ ဆုံးရှုံးခဲ့ပါတယ်။ ဒီလိုဆုံးရှုံးမှုတွေ ထပ်မဖြစ်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိ**ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး ဆောင်ရွက်ကြရပါမယ်။

ဒါတွေဆောင်ရွက်နိုင်ဖို့ အစိုးရနဲ့ တပ်မတော်အနေနဲ့ **မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ လိုက်လျောကမ်းလှမ်းချက် ၂ ခု ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ (တစ်) ကတော့ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်းနဲ့ (နှစ်) ကတော့ ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ရေး ဖိတ်ကြားခြင်းပဲဖြစ်**ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့စပြီး ယခု ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ “ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားခြင်း” ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

**ငြိမ်းချမ်းရေးကိုလိုချင်ရင် တပ်မတော်က ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ရပ်စဲပေးသင့်တယ်ဆိုတဲ့အဆိုပြုချက်တွေ၊ အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ဆွေးနွေးရာမှာ ကြိုတင်ကန့်သတ်မှုတွေ မပြုလုပ်သင့်ဘူးဆိုတဲ့ အဆိုပြုချက်တွေအပေါ်မှာ အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးခဲ့တာပဲဖြစ်**ပါတယ်။ ကမ္ဘာ့နိုင်ငံများရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းမှာလည်း ဒီလိုဆောင်ရွက်မှုမျိုးဟာ ရတောင့်ရခဲဖြစ်စဉ်တစ်ခုဆိုတာ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကို **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ထိထိမိမိအသုံးပြုနိုင်ဖို့ လိုအပ်**ကြောင်း တိုက်တွန်းနှိုးဆော်လိုပါတယ်။

ဒီကြေညာချက်အပေါ်မှာ တိုင်းပြည်ကောင်းကျိုးကို လိုလားတဲ့ နိုင်ငံရေးပါတီများ၊ လူမှုအစည်းအရုံးများနဲ့ ဘာသာရေးအသင်းအဖွဲ့များကလည်း ကြိုဆိုထောက်ခံအားပေးကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့တာကို တွေ့ရပါတယ်။ **ဒီနေ့အခမ်းအနားကိုလည်း NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့နဲ့ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ တက်ရောက်လျက်ရှိနေ**ပါတယ်။ ဒီလို တိုင်းရင်းသားပြည်သူလူထုအကျိုးကို ဦးထိပ်ထားတဲ့ အဖွဲ့အစည်းများအားလုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဆက်သွားကြပါမယ်။ သက်ဆိုင်သူအားလုံးပါဝင်နိုင်ဖို့လည်း ထပ်မံပြီး ဖိတ်ခေါ်အပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဋ္ဌေသည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းဟာ အလွန်အရေးကြီးပါတယ်။ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိတဲ့အတွက် ကာကွယ်ဆေးရရှိဖို့ နိုင်ငံပေါင်းစုံနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်ခဲ့တဲ့အတိုင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ နိုင်ငံ့လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရာမှာ မြန်မာတို့ရဲ့ ပကတိမူရင်းစိတ်ဖြစ်တဲ့ ကူညီလိုမှု၊ လှူဒါန်းလိုမှု၊ ပူးပေါင်းဆောင်ရွက်လိုမှု စိတ်ဓာတ်များနဲ့ တစ်ခဲနက်ဆောင်ရွက်ကြမှုများဟာ များစွာထိရောက် အကျိုးပြုခဲ့ပါတယ်။ အလားတူ အားပေးကူညီနေကြတဲ့ မိတ်ဆွေနိုင်ငံများနဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုတွေကြောင့် လက်ရှိအချိန်မှာ ကူးစက်မှုကို ထိန်းချုပ်နိုင်တဲ့အနေအထား ဖြစ်လာပါတယ်။ သို့အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြသူအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေဖို့အတွက် ပြည်သူများအာဟာရပြည့်ဝစွာ စားသောက်ဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်မျှတတဲ့ နေထိုင်သွားလာလှုပ်ရှားမှုများရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့နိုင်ငံမှာ ကျောင်းနေသူရာခိုင်နှုန်းနဲ့ စာတတ်မြောက်သူရာခိုင်နှုန်း မြင့်မားလာစေရေးအတွက် ပညာရေးကို အလေးထားအားပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာပြည့်ဝတဲ့ ပညာတတ်များ ပေါ်များလာအောင် လေ့ကျင့်ပျိုးထောင်ပေးလျက် မိမိတို့ပြည်သူပြည်သားတွေရဲ့ စွမ်းပကားနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

**မျိုးဆက်သစ်လူငယ်လူရွယ်တွေကို ကောင်းမွန်တဲ့ စာပေပညာ အမွေအနှစ်များပေးအပ်ခြင်းဖြင့် တစ်ဦးချင်းစီအနေနဲ့ မိမိရဲ့ဘဝ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်မှာဖြစ်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မှာ** ဖြစ်ပါတယ်။

ယနေ့ လူငယ်များဟာ အနာဂတ်မှာ နိုင်ငံ့တာဝန်ကို ယူကြရမည့် သူများဖြစ်တဲ့အတွက် လူငယ်တွေရဲ့ အတွေးအခေါ်၊ အယူအဆ၊ အလုပ်အကိုင်မှန်ကန်ရေးဟာ အလွန်အရေးကြီးပါတယ်။ လူငယ်တွေကို ဗလငါးတန်နဲ့ ပြည့်စုံပြီး အားကိုးအားထားပြုနိုင်တဲ့ လူကောင်း လူတော်များဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုပြင်သွားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ ပညာရည်အဆင့်အတန်းမြင့်မားစေဖို့အတွက် အားပေးဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ပြီး အမှန်တကယ် တတ်မြောက်အောင်လည်း လေ့ကျင့်သင်ကြားပေးကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများသာမက တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်တွေကိုလည်း ကိုဗစ်စည်းမျဉ်းစည်းကမ်းများနဲ့ အညီ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ဒေသလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ အသုံးချ ဘာသာရပ်များကို သင်ကြားပေးနိုင်ရေး၊ စည်းကမ်းပြည့်ဝတဲ့ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးတဲ့ ဥပဒေပညာဘာသာရပ်နဲ့ စီးပွားရေးပညာဘာသာရပ်တို့ကို တက္ကသိုလ်တွေမှာ တိုးချဲ့သင်ကြားပေးနိုင်ရေး၊ အနာဂတ်စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာကို အဆင့်မြှင့်တင်သင်ကြား နိုင်ရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေး၊ ကပ်ရောဂါအလွန် ကာလတွေမှာလည်း တိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကုစား ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍတွေ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြ ရမှာဖြစ်ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီ၍ အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ခြင်းတို့ကိုလည်း ဆက်လက်ပြီး ဝိုင်းဝန်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

※ **အေးအတူ၊ ပူအမျှနေထိုင်ကြတဲ့ ပြည်ထောင်စုရဲ့ အရိပ်အာဝါသနဲ့လုံခြုံမှုဟာ ဘယ်လောက်စွမ်းအား ကြီးမားတယ်ဆိုတာကို ပုံဖော်နေတာဖြစ်ပါတယ်။ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်တဲ့ တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ပုံဖော်နေတာဖြစ်ပါတယ်။ "ငါတို့အားလုံး သည် မြန်မာ"ဆိုတဲ့ ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေတာဖြစ်**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်တွင်းအား ကိုပဲ ကျွန်တော်တို့ယုံကြည်အားကိုးပါတယ်။ နိုင်ငံရဲ့ပကတိအခြေအနေ အရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများ ရှိပါတယ်။ ပြည်ထောင်စုရဲ့အင်အားကို တည်ဆောက်နိုင်ဖို့-

- ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသား အရင်းအမြစ်များ များစွာရှိပါတယ်။ ပြည်တွင်း ကုန်ထုတ် လုပ်မှုကိုအားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှုအားနည်းခဲ့ ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်နံပါတ်(၁)အနေနဲ့ ပြည်တွင်း အားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်ပါမယ်။
- တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့ အတိုင်း နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအား ရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံ တဲ့ ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေး အားမကောင်းစရာ မရှိပါဘူး။
- နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံး ပါဝင် တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန်ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီးစွမ်းရည် ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ် ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

တိုင်းရင်းသားမိဘပြည်သူအားလုံး ပူးပေါင်းလုပ်ဆောင်ကြပြီး မြန်မာ့ဂုဏ်ကိုမြှင့်တင်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

နိဂုံးချုပ်အားဖြင့် မိမိတို့ပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ်တည်နိုင်ရေး အတွက် တိုင်းရင်းသားပြည်သူအားလုံးက ယနေ့ကျရောက်တဲ့ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် များ ဖြစ်တဲ့ -

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊
- တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး၊
- စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊
- ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး

စတဲ့ ဦးတည်ချက်များအတိုင်း တက်ညီလက်ညီဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ကြိုးပမ်း ဆောင်ရွက်သွားကြရေး တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ် ပါတယ်။ ။

* **မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ လိုက်လျောကမ်းလှမ်းချက် ၂ ခု ကျွန်တော် တို့ ဆောင်ရွက်ခဲ့ပါတယ်။ (တစ်)ကတော့ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်းနဲ့ (နှစ်)ကတော့ ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်နိုင်ရေး ဖိတ်ကြားခြင်းပဲဖြစ်**

## လွိုင်ကော်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ကန္တာပောဝန်ပန်းခြံ (ကျောက်သားရင်ပြင်)၌ လည်းကောင်း **(အောက်ပုံ)**၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်နယ်ခန်းမ၌ လည်းကောင်း ကျင်းပသည်။

ရှေးဦးစွာ အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် လွိုင်ကော်မြို့ ကန္တာပောဝန်ပန်းခြံ (ကျောက်သားရင်ပြင်)၌ ကျင်းပရာ ကယားပြည်နယ်ခေတ္တဝန်ကြီးချုပ် ဗိုလ်မှူးကြီးမြင့်ဝေနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကယားပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။




ဆက်လက်၍ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၄၀ တွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများကပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ဖတ်ကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နံနက် ၇ နာရီခွဲတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ စစ်ကြောင်းကြီးများက ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရအား အလေးပြုကြသည်။ ထို့နောက် ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များ၊ ဖိတ်ကြားထားသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ခေတ္တပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်သီချင်းများဖြင့် ရခိုင်တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သီဆိုကပြဖျော်ဖြေကြပြီး ခေတ္တပြည်နယ် ဝန်ကြီးချုပ်က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❄ *ရှေ့ဖုံးမှ*

ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့မှ ကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၄)ဖွဲ့မှ ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မှ အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



## ချီတက်နေရာယူ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြမည့် စစ်ကြောင်းတပ်ခွဲများသည် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

## အလေးပြု

နံနက် ၇ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဂုဏ်ပြုအခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်ရှိ အလေးပြုခံစင်မြင့်သို့ ရောက်ရှိရာ အမြောက်တပ်ဖွဲ့က အမြောက်(၂၁)ချက် ပစ်ဖောက်ဂုဏ်ပြုပြီး စစ်ကြောင်းတပ်ခွဲများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြသည်။




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဂုဏ်ပြုစစ်ကြောင်းများက ချီတက်အလေးပြုကြစဉ်။

## လွှဲပြောင်းပေးအပ်

ထို့နောက် "ပြည်ထောင်စုအလံတော်"ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား တိုင်းရင်းသူများခြံရံကာ နေပြည်တော် မြို့တော်ခန်းမမှ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ "ပြည်ထောင်စုအလံတော်"ကို လွှဲပြောင်းပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်ထောင်စုအလံတော်" အား စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူစဉ်။

## ငွေဖလား၌ စိုက်ထူ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်ထောင်စုအလံတော်" အား စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူသည်။

## ပြည်ထောင်စုအလံတော်ကို အလေးပြု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စစ်ကြောင်းတပ်ခွဲများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက "ပြည်ထောင်စုအလံတော်"ကို အလေးပြုကြပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

*စာမျက်နှာ ၇ သို့*




"ပြည်ထောင်စုအလံတော်"ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံကာ နေပြည်တော် မြို့တော်ခန်းမမှ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်ကြစဉ်။



၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းအား စာမျက်နှာ-၃၊ ၄၊ ၅ တို့တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်ထံ “ပြည်ထောင်စုအလံတော်”ကို လွှဲပြောင်းပေးအပ်သည်။

**ပြန်လည်သယ်ဆောင်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က “ပြည်ထောင်စုအလံတော်”ကို တစ်နှစ်တာရပ်နားမည့် နေပြည်တော်မြို့တော်ခန်းမသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုလှေဖြင့် ပြန်လည်သယ်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကို တပ်မတော်(ကြည်း) ကိုယ်စားပြု အလံတော်အဖွဲ့၊ တပ်မတော်(ကြည်း) ကိုယ်စားပြုတပ်ခွဲ၊ လွှတ်တော်ကိုယ်စားပြုတပ်ခွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ တပ်မတော်ရေ ကိုယ်စားပြုအလံတော်အဖွဲ့၊ တပ်မတော်(ရေ) ကိုယ်စားပြုတပ်ခွဲ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားပြုတပ်ခွဲ၊ တပ်မတော်(ကြည်း) စစ်တီးဝိုင်းအဖွဲ့၊ တပ်မတော်(လေ) အလံတော်အဖွဲ့၊ တပ်မတော်(လေ) ကိုယ်စားပြုတပ်ခွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံတော်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုတပ်ခွဲ၊ ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တီးဝိုင်းတပ်ခွဲ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အလံတော်အဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြုတပ်ခွဲ၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ပို့ဆောင်ရေးနှင့်

*စာမျက်နှာ ၈ သို့*



ရဲမာန်အုပ်ဖွဲ့မှ K-8 W ဂျက်တိုက်လေယာဉ် ငါးစင်းက နိုင်ငံတော်အလံကို ကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်၍ ဂုဏ်ပြုပျံသန်း အလေးပြုကြစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



## အားပေး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များအား အားပေးနှုတ်ဆက်စဉ်။

စာမျက်နှာ ၇ မှ

ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုအလံတော်အဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တီးဝိုင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ စက်မှုဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ အ.ထ.က(၁) ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ နိုင်ငံတော်ဗဟိုစစ်တီးဝိုင်းတို့က ချီတက်အလေးပြုကြသည်။



ထိုသို့ ချီတက်အလေးပြုနေစဉ် ဒုတိယဗိုလ်မှူးကြီး အောင်ဖြိုးကျော် ဦးဆောင်သည့် ကြိုးကြာအုပ်ဖွဲ့(၁)မှ Mi –17 ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံတော်အလံကို ချိတ်ဆွဲ၍ Eurocopter ရဟတ်ယာဉ်နှစ်စင်းတို့က စောင့်ကြပ်လိုက်ပါပျံသန်းကာ အမျိုးအစားမတူ အုပ်ဖွဲ့ပုံသဏ္ဌာန်ပုံစံဖြင့် လည်းကောင်း၊ ဗိုလ်မှူးဇော်ဇော် ဦးဆောင်သည့် ကြိုးကြာအုပ်ဖွဲ့ (၂)သည် Mi–17 ရဟတ်ယာဉ်လေးစင်းနှင့် Mi–35P ရဟတ်ယာဉ်သုံးစင်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများကို ချိတ်ဆွဲ၍လည်းကောင်း၊ ဗိုလ်မှူး ထင်အောင်လင်း ဦးဆောင်သည့် H–120 ရဟတ်ယာဉ် သုံးစင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်းတို့ကလည်းကောင်း၊ အာကာအုပ်ဖွဲ့မှ ဗိုလ်မှူးနိုင်လင်း ဦးဆောင်သည့် Y–12 လေယာဉ် သုံးစင်းက မြားဦးသဏ္ဌာန်အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ ရန်အောင်အုပ်ဖွဲ့မှ ဗိုလ်မှူးထက်အောင်စံ ဦးဆောင်သည့် ATR–42 သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်း၊ Beech –1900 D သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စင်းတို့သည် အမျိုးအစားမတူ အုပ်ဖွဲ့ပုံသဏ္ဌာန်ဖြင့် လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့မှ ဗိုလ်မှူးဝင်းမင်းထွန်း ဦးဆောင်သည့် K–8 W ဂျက်တိုက်လေယာဉ် ငါးစင်းတို့သည် မြားဦးပုံသဏ္ဌာန်အုပ်ဖွဲ့ပုံစံပျံသန်းပြီး နိုင်ငံတော်အလံကို ကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်၍လည်းကောင်း၊ ယက္ခအုပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ဇော်မြင့်ထွန်း ဦးဆောင်သည့် Yak–130 တိုက်လေယာဉ်လေးစင်းတို့ကလည်းကောင်း၊ သူရိန်အုပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ထက်အောင်ခိုင် ဦးဆောင်သည့် F–7 ဂျက်တိုက်လေယာဉ် လေးစင်းတို့က လည်းကောင်း၊

စာမျက်နှာ ၉ သို့



ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့်အတူ ဂုဏ်ပြုအကအဖွဲ့က “မမပုသိမ်သူ” သီချင်းဖြင့် ဂုဏ်ပြုကပြ ဖျော်ဖြေတင်ဆက်စဉ်။

*စာမျက်နှာ ၈ မှ*

ရာဇာအုပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ရန်ကျော်ဦးဆောင်သည့် Mig -29 SE ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်းတို့ကလည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့မှ K-8 W ဂျက်တိုက်လေယာဉ် ငါးစင်းတို့သည် ဒုတိယအကြိမ်အဖြစ် ပျံသန်းပြီး နိုင်ငံတော်အလံကို ကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်၍လည်းကောင်း ဂုဏ်ပြုပျံသန်းအလေး ပြုကြသည်။



မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "လှသောအညာမြေ" သီချင်းဖြင့် ဂုဏ်ပြုကပြ ဖျော်ဖြေတင်ဆက်စဉ်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "ပြည်ထောင်စုသွေး" သီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "မမေ့နိုင်တဲ့မြေ" သီချင်းဖြင့်လည်းကောင်း၊ ကယားပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြု အကအဖွဲ့က "ဖားစည်သံ" သီချင်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "အောဟု - အောဟောင်" သီချင်းဖြင့် လည်းကောင်း၊ ချင်းပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "ပျော်ရွှင်ဖွယ်နေ့ရက်များဆီသို့" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "အောင်လံတဝေဝေ ရွှေစစ်ကိုင်း၌သာနေ" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "တိုးတက်ဝေစည် တနင်္သာရီ" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "ပဲခူးဟုခေါ်သည်" သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "လှသော အညာမြေ" သီချင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "လှမ်းခဲ့ပေ့ါမန္တလာမြေ" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "တွဲလက်ညီညီ ရှေ့သို့ချီ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "နာဝရူပဗျာလ" သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "ပြည်ထောင်စုသွေးသား ဗမာဟေ့ဗမာ" သီချင်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "နောင်အင်းလေး" သီချင်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "မမပုသိမ်သူ" သီချင်းဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ ကိုယ်စားပြု ပြည်ထောင်စုယာဉ်နှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "ဦးရွှေရိုးနှင့် ဒေါ်မိုး" အကဖြင့် လည်းကောင်း ဂုဏ်ပြုအလှပြ ကပြဖျော်ဖြေတင်ဆက်ကြပြီး တပ်မတော်လေမှ ဒုတိယဗိုလ်မှူးကြီး ကျော်အောင် ဦးဆောင်သည့် ရာဇာအုပ်ဖွဲ့မှ Mig-29 SM ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်းသည် မြားဦးပုံစံအုပ်ဖွဲ့ ပျံသန်းလာပြီး Fan Break ခေါ် ယပ်တောင်ပုံစံဖြန့်ခွဲပြီး Flare မီးကျည်များ ပစ်လွှတ်၍ ဂုဏ်ပြုပျံသန်း အလေးပြုသည်။



ရှမ်းပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့်အတူ ဂုဏ်ပြုအကအဖွဲ့က "နောင်အင်းလေး" သီချင်းဖြင့် ဂုဏ်ပြုကပြ ဖျော်ဖြေတင်ဆက်စဉ်။

ဂုဏ်ပြုဖျော်ဖြေနေစဉ်အတွင်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ (၁၁၀၀)တို့က ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အမည် စာလုံးများကို ညီညာလှပစွာ ပုံဖော်ပြသကြသည်။

**ပြန်လည်ထွက်ခွာ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား လက်ပြနှုတ်ဆက်၍ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရာ ဥပစာရင်ပြင်မှ ပြန်လည်ထွက်ခွာသည်။

**ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့များအား ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးမိတ်မြို့နယ်၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ခရိုင်ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မိုးမိတ် ဖေဖော်ဝါရီ ၁၂**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့၌ ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ကျော်ဇော်ဇော် ဦးစီးသော တပ်ဖွဲ့ဝင်မိသားစုများသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် မြို့နယ်ပြည်သူ့ဆေးရုံတွင် သွေးလှူဒါန်းခြင်း၊ မြောက်ပိုင်းရပ်ကွက်ရှိ ဆုတောင်းပြည့်စေတီတော်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြည်သူများသွေးလိုအပ်ပါက အလွယ်တကူရရှိရေးအတွက် တပ်ဖွဲ့ဝင် ၁၄ ဦးတို့က သွေးအုပ်စုစစ်ဆေးခြင်း၊ သွေးလှူရှင်စာရင်းပေးသွင်းခြင်း၊ သွေးလှူလို့ရမရစစ်ဆေးခြင်းနှင့် သွေးလိုအပ်သော လူနာများအတွက် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဥတ္တရသီရိ၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲ မြို့နယ်အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းယုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။



အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က အ.ထ.က (မင်းကုန်း)၌ လည်းကောင်း၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က အ.ထက(ခွဲ) ဗိုလ်ရွှေကျောင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က တည်ခင်းဧည့်ခံသည့် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကိုနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်နှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၇) ဖွဲ့မှ ကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၄)ဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး စိန်ရတုပြည်ထောင်စုနေ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အလံ၊ မြေပုံနှင့် အမည်စာလုံးဖော် Drone သရုပ်ပြလွှတ်တင်ခြင်း အစီအစဉ်ကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဂုဏ်ပြုယှဉ် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ထံ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုယှဉ်များ ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ပြုယှဉ် အထူးဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ စောဒန်နီယယ်၊ ဦးမောင်းဟာ၊ Jean Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ မန်းငြိမ်းမောင်နှင့် ဦးခင်မောင်ဆွေ တို့က ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခင်မောင်ဆွေက ဂုဏ်ပြုယှဉ် တတိယဆုရရှိသည့် ရေဝတီ တိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ထံလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုယှဉ် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း ထံ လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၁၁ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဂုဏ်ပြုယှဉ် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း ထံ ပေးအပ်ချီးမြှင့်စဉ်။


*စာမျက်နှာ ၁၀ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဂုဏ်ပြုယာဉ်ပထမဆု ရရှိသည့် မကွေးတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ထံလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တတ်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအကဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။



၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အမည်စာလုံးဖော် Drone သရုပ်ပြ လွှတ်တင်ထားသည်ကို တွေ့ရစဉ်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်မှ အငြိမ်းစား ဗိုလ်ချုပ်ကြီးများနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီး

*စာမျက်နှာ ၁၂ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခင်မောင်ဆွေ ဂုဏ်ပြုယာဉ် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းထံ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ကချင်ပြည်နယ် ဂုဏ်ပြုယာဉ်အတွက် အထူးဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ ကရင်ပြည်နယ် ဂုဏ်ပြုယာဉ်အတွက် အထူးဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jean Phang နော်တောင် စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်အတွက် အထူးဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ပဲခူးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်အတွက် အထူးဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မွန်ပြည်နယ် ဂုဏ်ပြုယာဉ်အတွက် အထူးဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၁၁ မှ*

များနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး နှင့်ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ဝင်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

# ညောင်ရွှေမြို့၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပ

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၂**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံလွှင့်တင်ခြင်းကို ဦးဆောင်ပြုလုပ်ပြီး အခမ်းအနားတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးက ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပသည်။



၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး အလေးပြုကြစဉ်။

**အနှစ်သာရပြည့်ဝစွာ ကျင်းပ**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို (၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။ (၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ရေး။ (၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအားဖြင့် နိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ဆက်လက် ကြိုးပမ်းတည်ဆောက်ရေး။ (၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။ (၅)ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး ဟူသည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်း ဖြစ်သည်။





၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။

**နိုင်ငံတော်အလံကို အလေးပြု**

ရှေးဦးစွာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး တိုင်းရင်းသား တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ ပဲခူးတွင် ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်းအတွင်း၌ ယနေ့ နံနက် ၅ နာရီခွဲက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ



အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေနှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အလံတင်တပ်ဖွဲ့နှင့် ဘင်ခရာအဖွဲ့များ၊ တိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလံတိုင်ထိပ်သို့ လွှင့်တင်ကာ နိုင်ငံတော်အလံတော်နှင့် ကျဆုံးသွားသည့် ရဲဘော်အပေါင်းအား တက်ရောက်လာသူများက အလေးပြုကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ပွဲကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာအား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေက ဖတ်ကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၂**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ အများပြည်သူအပန်းဖြေရာ ပန်းခြံများတွင် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းမှစတင်ကာ ရောင်စုံမီးအလှများ ထွန်းညှိခြင်း၊ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရုံးဌာနများ၊ စက်ရုံများနှင့် ရပ်ကွက်အလိုက်နေအိမ်များ၌ နိုင်ငံတော်အလံကို လွှင့်ထူပေးကြသည်။

မြန်မာတစ်မျိုးသားလုံး၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အလံအားလွှင့်ထူခြင်းသည် တိုင်းရင်းသားအားလုံး သွေးစည်းချစ်ကြည်ညီညွတ်မှု အစဉ်သတိရစေရန်နှင့် ပင်လုံစိတ်ဓာတ် ထာဝရတည်တံ့စေရန်တို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား မြင်ကွင်း





ဂျက်တိုက်လေယာဉ် ငါးစင်းက ဂုဏ်ပြုအလေးပြုကြစဉ်။

တပ်မတော်(ကြည်း)ကိုယ်စားပြု အလံတော်အဖွဲ့ ချီတက်အလေးပြုစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဂုဏ်ပြုယာဉ်များ။



ကြိုးကြာအုပ်ဖွဲ့(၁)မှ Mi-17 ရဟတ်ယာဉ်က နိုင်ငံတော်အလံကို ချိတ်ဆွဲ၍ ဂုဏ်ပြုပျံသန်းစဉ်။



ဂုဏ်ပြုစစ်ကြောင်းများ ချီတက်အလေးပြုကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများကို ရဟတ်ယာဉ်များဖြင့် ချိတ်ဆွဲ၍ ဂုဏ်ပြုပျံသန်းကြစဉ်။



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမြင်ကွင်း



ကချင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



ကယားပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။




ကရင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



ချင်းပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



မွန်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



ရခိုင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား မြင်ကွင်း




မြန်မာနိုင်ငံ ဂုဏ်ပြုယာဉ်နှင့် အကအဖွဲ့။



စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် ဂုဏ်ပြုအကအဖွဲ့။



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။





(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား တက်ရောက်ကြသူများအား တွေ့ရစဉ်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ NGO အဖွဲ့များနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုတို့ကို လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ NGO အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုတို့ကို သွားရောက်လေ့လာ ကြည့်ရှုကြသည်။

**ရုပ်ပွားတော်မြတ်ကြီး ထွင်းထုဆောင်ရွက်နေမှု**

ရှေးဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ NGO အဖွဲ့များနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့အား ရှင်းလင်းဆောင်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ဇော်နိုင်ဦးက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒခံယူ၍ ရုပ်ပွားတော်မြတ်ကြီးထွင်းထု ဆောင်ရွက်နေမှု၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များအား အပိုင်းအလိုက် စကျင်တောင်မှ နေပြည်တော်သို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးပူဇော်မည့်အခြေအနေ၊ ပလ္လင်တော်များအား ခေတ်မီ CNC Machine များဖြင့် ပုံဖော်ထုဆစ်နေမှု၊ ဆင်းတုတော်ကြီးတည်ထားမည့် ဥယျာဉ်တော်အတွင်း၌ ရုပ်နီးရုပ်ဝေးမှ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် ဂန္ဓကုဋိတိုက်များ၊ ဓမ္မာရုံများ၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ မုစလိန္ဒအိုင်၊ မင်္ဂလာတံတားနှင့် ရေပန်းများကို ရတနာပုံခေတ် မြန်မာ့အနုပညာလက်ရာစုံလင်စွာဖြင့် ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ NGO အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ နေပြည်တော်ရှိ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုတို့ကို လေ့လာကြစဉ်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ရုပ်ပွားတော်မြတ်ကြီးပုံစံငယ်များ၊ ကျောက်စာနမူနာများနှင့် ပိဋကတ်ကျောက်စာရုံပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မည့် ပုံစံအတိုင်းပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များကို ကြည့်ရှုလေ့လာကြပြီး ပလ္လင်တော်များ နေရာချထားမှုနှင့် ခေတ်မီစက်များဖြင့် ထုဆစ်နေမှုတို့ကို မော်တော်ယာဉ်ငယ်များဖြင့် လှည့်လည်လေ့လာကြည့်ရှုကြသည်။

**ခေတ်မီစက်ကိရိယာများအသုံးပြု ပုံဖော်ထုဆစ်**

အလားတူ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ၎င်းတို့၏ ဇနီးများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေများကို လာရောက်လေ့လာကြည့်ရှုကြရာ ရှင်းလင်းဆောင်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက ရုပ်ပွားတော်ထုဆစ်ရန် စကျင်ကျောက်တုံးတော်များအား အပိုင်းလိုက် အဆင့်ဆင့်သယ်ဆောင်ခဲ့ရမှု၊ ပလ္လင်တော်များ နေရာချထားမှုနှင့် ဗုဒ္ဓရုပ်ပွားတော်အား ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပုံဖော်ထုဆစ်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ထည့်သွင်းတည်ဆောက်သွားမည့် သာသနိကအဆောက်အဦပုံစံငယ်များကို လေ့လာကြည့်ရှုကြပြီး မော်တော်ယာဉ်ငယ်များဖြင့် ပလ္လင်တော်များ နေရာချထားမှုနှင့် ခေတ်မီစက်များဖြင့် ထုဆစ်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဗုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပတ္တာကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သိမ်ကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝနာရာမကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ စားနပ်ရိက္ခာ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်း လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ရုံးဝန်ထမ်းများက ရေဖြူမြို့နယ် ကရင်ရှင်ထဘီကျေးရွာ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ ၁၂ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာစသည့် စားနပ်ရိက္ခာထောက်ပံ့ပစ္စည်းများကို သင်းအုပ်ဆရာမ နော်ဖောခူထံသို့ ထောက်ပံ့လှူဒါန်းကြောင်း သိရှိရသည်။

နယ်စပ်ရေးရာဝန်ကြီး ဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် ကိုဗစ်-၁၉ ကုသရေး စင်တာများသို့လည်း ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တန့်ယန်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ကြား

**တန့်ယန်း ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက အောင်မင်္ဂလာရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား ဂုဏ်ပြုတပ်ဖွဲ့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့်အတူ အခမ်းအနား တက်ရောက်လာကြသူများက အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က ဖတ်ကြားသည်။

ထို့နောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အဆင့်ကျင်းပသော အခြေခံပညာအထက်တန်းဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဆုများကို ပေးအပ်ချီးမြှင့်သည်။

**မင်းလွင်ဦး(မြန်/ဆက်)**

# တူယှဉ်နွှဲပျော်ဂီတပွဲတော် Grand Final တတိယအဆင့် သီချင်းသီဆိုမှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် တူယှဉ်နွှဲပျော်ဂီတပွဲတော် Grand Final တတိယအဆင့် သီချင်းသီဆိုမှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မှုကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**




Grand Final တတိယအဆင့်ပြိုင်ပွဲတွင် တိုင်းရင်းသားပြိုင်ပွဲများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ MF 03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF 04 ဇော်ထွေးလတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဇင်သူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ MF 07 ချိုမီမီဇော်နှင့် ပဲခူးတိုင်းဒေသကြီးမှ MF 10 ချစ်နုစုစုပေါင်း ငါးဦးက ပြဋ္ဌာန်းတေးသီချင်း တစ်ပုဒ်နှင့် စိတ်ကြိုက်တေးသီချင်းတစ်ပုဒ် စုစုပေါင်းနှစ်ပုဒ်စီဖြင့် ယှဉ်ပြိုင်သီဆိုခဲ့ကြပြီး The Ensemble တေးဂီတအဖွဲ့က တီးခတ်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် တူယှဉ်နွှဲပျော်ဂီတပွဲတော် Grand Final တတိယအဆင့်တွင် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပနိုင်ရန် အကဲဖြတ်ဒိုင်များ၏ ပေးမှတ် ၆၀ ရာခိုင်နှုန်းနှင့်ပရိသတ်များက Voting ပေးမှတ် ၄၀ ရာခိုင်နှုန်းတို့ကို မဲရေတွက်နေစဉ်အတွင်း နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် တေးသံရှင်ဆိုတေး၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် တေးသံရှင် ဂျင်းနီနှင့် မြန်မာ့အသံ တိုင်းရင်းသားဝန်ထမ်းတေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တူယှဉ်နွှဲပျော်ဂီတပွဲတော် Grand Final သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းပေးပို့သည့် ဝမ်းမြောက်ကျေးဇူးတင်စကား ဗီဒီယိုမက်ဆေ့ဖြင့် ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့် အထူးဆုရပြိုင်ပွဲဝင် ငါးဦးဖြစ်သည့် မကွေးတိုင်းဒေသကြီးမှ MF 01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF 02 ကြူကြူခိုင်၊ ကချင်ပြည်နယ်မှ MF 05 အရိန့်၊ ကရင်ပြည်နယ်မှ MF 08 ချမ်းဟိန်းဝင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ MF 09 စျာန်ထူး တို့ကို မြန်မာနိုင်ငံဂီတ အစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးလွင်မြင့်က လည်းကောင်း၊ ထူးချွန်ဆုရ ပြိုင်ပွဲဝင် စစ်ကိုင်းတိုင်းဒေသကြီးမှ MF 03 ရေဂျီနားအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးဇေယျာက လည်းကောင်း၊ ထူးချွန်ဆုရပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း၊ တတိယဆုရပြိုင်ပွဲဝင် ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နုအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းက လည်းကောင်း၊ ဒုတိယဆုရပြိုင်ပွဲဝင် ဧရာဝတီတိုင်းဒေသကြီးမှ MF 07 ချိုမီမီဇော်အား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က လည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရ ပြိုင်ပွဲဝင် ဧရာဝတီတိုင်းဒေသကြီးမှ MF 06 ဇင်သူသူထွန်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ဆုချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တူယှဉ်နွှဲပျော်ဂီတပွဲတော် Grand Final တတိယအဆင့် သီချင်းသီဆိုပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း (၁၀၀)၊ ဒုတိယဆု ငွေကျပ်သိန်း(၆၀)၊ တတိယဆု ငွေကျပ်သိန်း(၄၀)၊ ထူးချွန်ဆု တစ်ဦးလျှင် သိန်း(၂၀)၊ အထူးဆု (၅)ဆုအတွက် တစ်ဦးလျှင် (၁၀)သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့သည်။

တူယှဉ်နွှဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ စတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ အုပ်စုပြိုင်ပွဲများဖြစ်သော ပထမအဆင့်ပွဲစဉ်တွင် အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အမှတ်ပေးမှုအပြင် ပရိသတ်အနေဖြင့် MPT နှင့် Mytel Sim Card များကို အသုံးပြု၍ Voting မဲပေးကြသည့် မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်များကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့ မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim card များမှ ကုတ်နံပါတ် 7522 သို့လည်းကောင်း၊ Mytel Sim Card များမှ ကုတ်နံပါတ် 7574 သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲ၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုကိုဇော်**
**ဓာတ်ပုံ - လတ်လတ်(MNA)**

# စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည် ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



နိုင်ငံတော်၏ အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်လိုက်လျောညီထွေဖြစ်စေရေး၊ သဟဇာတဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီ အောက်တွင် ကောင်စီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်ရန် **စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ**ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကော်မတီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် မြေယာကဏ္ဍ ကျေးလက်ဒေသကဏ္ဍ တိုင်းရင်းသားရေးရာ ကဏ္ဍ ငြိမ်းချမ်းရေးကဏ္ဍများမှ မူဝါဒများ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်ဌာနများ အဖွဲ့အစည်းများမှ ကိုယ်စားပြုပညာရှင်များ ပါဝင်သည့် ၁၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကာ ယနေ့ အစည်းအဝေးကို ပထမဆုံး အကြိမ်အဖြစ် ကျင်းပရခြင်း ဖြစ်သည်။

ယနေ့ အစည်းအဝေးသို့ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည် ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီတွင် ပါဝင်ကြသည့် ဌာနအဖွဲ့အစည်း အသီးသီးက နိုင်ငံတော်အစိုးရ၏မူဝါဒ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ စီမံကိန်းများ၊ စီမံချက်များကို အမျိုးသားမြေအသုံးချမှု မူဝါဒ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (Agriculture Development Strategy— ADS) များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ရေး၊ မြေယာနှင့် သက်ဆိုင်သောအချက်များ၊ မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ ဌာနအဖွဲ့အစည်းတို့က အကောင်အထည်ဖော်လျက်ရှိနေကြသည့် မြေယာနှင့်သက်ဆိုင်သော စီမံကိန်းများ စီမံချက်များကိုမူအဖြစ် အခြေပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တာမွေမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ဂုဏ်ပြုရဲတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ထို့နောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်က ဖတ်ကြားပြီး စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသော အားကစားသမားများနှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **နိုင်လင်းအောင် (တာမွေ)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၂-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင်
**၀၈:၄၅** တူယှဉ်ညွှဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၈) (နောက်ဆုံးအဆင့်ပြိုင်ပွဲ) (ပထမပိုင်း)
**၁၂:၂၀** တူယှဉ်ညွှဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၈) (နောက်ဆုံးအဆင့်ပြိုင်ပွဲ) (ဒုတိယပိုင်း)
**၁၃:၀၅** MRTV National News
**၁၃:၃၅** စိန်ရတုပြည်ထောင်စုနေ့ဝတ္ထုတိုဇာတ်လမ်း မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ချစ်ငြေ**'
**၁၇:၁၅** ထူးခြားစုံလင်အာရုပစိတ်အစီအစဉ်
**၁၇:၃၅** စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ပြည်ထောင်စုစိတ်ဓာတ်နောင်ဖွဲ့ရာ'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၆၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ 'အနုပညာချစ်သူထိပ်ဆင့်အကယ်ဒမီ ရန်အောင်'
**၂၁:၂၀** မြန်မာဗီဒီယိုဇာတ်လမ်း '**မိုးထိအောင်လေတားထောင်မဲ့လူ**'

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Migadawon (Tekkatho Lei Lei)
**07:10** A Lucky Boy
**07:27** Myanmar Traditional Instruments - Myanma Harp (Episode-2)
**07:52** Choral Dance (Duel)
**08:01** A Way of Life: Karate-do
**08:15** Today Myanmar: 2022 States & Regions Traditional Boat Race
**08:27** Products of Myanmar - Products Of The Loom
**08:36** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**09:01** News
**09:26** Global Partnership for Brighter Future: Ukraine Pavilion at Expo 2020Dubai
**09:33** Shrinking Footprints
**10:01** Next Generation "Bon Bon" Drummer

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေသင်ကြားရအောင်(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဂေါ်ရခါးသီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည်အတာတော်ကျေးရွာမှ လောချိုးသို့

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းများ (ကချင်ဝက်အူချောင်းနှင့်ငုက်ပျောစိုက်ခင်း)

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဖိတ်ခေါ်တယ်လေကယားတို့မြေရပ်ရွာ အခြေပြုခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၂-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre- Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre- Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်၌ နယ်စပ်(လွယ်ဂျယ်)တွင် ကုမ္ပဏီ ငါးခုမှ MASK ၃၅၁၄၀ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၂-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၃၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၄၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၀၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၉၀၃ | ၁၅၆၀၄၆၀၀ |
| MTSH | ၂၉၅၀ | ၃၀၅၀ | ၈၃၃ | ၂၄၉၇၄၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃၅ | ၂၇၃၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၉ | ၁၂၇၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၂၀၀ | ၅၂၀၀ | ၂၀ | ၁၀၄၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားနှင့် အလေးပြုခြင်းအခမ်းအနားများကို မြို့နယ်အသီးသီး ၌ ဖေဖော်ဝါရီ ၁၂ ရက်က နံနက်ပိုင်းက ကျင်းပသည်။**



## ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တေဇဥယျာဉ်တော်၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုပြီး စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က ဖတ်ကြားသည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကာ ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများကလည်း (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အထက်ပိုင်းရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ တက်ရောက်ပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်က ဖတ်ကြားပြီး စိန်ရတုပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများမှ ဆုရ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့သော အားကစားသမားများနှင့် သတင်းအချက်အလက်များတွင် စိတ်ပါဝင်စား တက်ကြွစွာ ဆောင်ရွက်မှုအတွက် ဆုရရှိခဲ့သော ပြန်/ဆက် ဝန်ထမ်းများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးနှင့် ဝန်ထမ်းများက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **ချစ်သက်လယ်(အိမ်မဲ)**

## ကျိုက်လတ်

ကျိုက်လတ်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် အလံအလေးပြုခြင်းအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ အဖွဲ့ဝင် ဗိုလ်မှူးရဲမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် မြို့နယ်ပြည်သူ့အားကစားကွင်း၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျက ဖတ်ကြားပြီး သဝဏ်လွှာဖတ်ပွဲ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြကာ အခမ်းအနားသို့ တက်ရောက်လာသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ် (ပြန် /ဆက်)**



## ဘုတ်ပြင်း

ဘုတ်ပြင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို စည်ပင်သာယာကွင်းရှိ ယာယီလွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ရဲလင်းဦးက ဖတ်ကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့ များ၊ ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



## ကျိုက်ထို

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ကျိုက်ထိုမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဗမာ/ကရင်/မွန်/ပအိုဝ်းစာပေယဉ်ကျေးမှု ပူးပေါင်းချစ်ကြည်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက ဖတ်ကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**



## ဖားကန့်

ကချင်ပြည်နယ် ဖားကန့်မြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားကို မြို့စုပေါင်းရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများက နိုင်ငံတော်အလံကို အလေးပြုကြသည်။ ဒုတိယပိုင်း အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့လာသော (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်က ဖတ်ကြားပြီး စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့သည်။**မြို့နယ်(ပြန်/ဆက်)**

## ဘူးသီးတောင်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြသည်။ **လှကျော်(ပြန်/ဆက်)**

## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကို မြကျွန်းသာပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အလေးပြုခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ် ပြန်/ဆက် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ပြီး သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက ဖတ်ကြားခဲ့သည်။

**စည်သူရအောင်**
**(ကျွန်းစု)**

## နမ္မတူ

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက ဖတ်ကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**လူမော် (ပြန်/ဆက်)**

# တောင်ကြီးမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားအလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အဝေရာ ကုန်းသာယာမီးပုံးပျံကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီက (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် အလံအားလွှင့်တင်ပြီး တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီး သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဂုဏ်ပြု တပ်ဖွဲ့ဝင်များမှ သစ္စာလေးချက်ရွတ်ဆိုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ နံနက် ၇ နာရီ မိနစ် ၄၀ တွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပရာ အရှေ့ပိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့ဝင်များနှင့် စစ်ကြောင်းမှူးတို့က ရှမ်းပြည်နယ် ခေတ္တပြည်နယ် ဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးလှဦးအား အလေးပြုခြင်း၊ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်များအား အလေး ပြုကာ သစ္စာလေးချက် ရွတ်ဆိုကြသည်။

ထို့နောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

၎င်းနောက် တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့် ရေးအားကစားရုံ၌ ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းတို့မှ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့ များက ကပြဖျော်ဖြေကြပြီး ပြည်နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးကြရာ တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များက အသီးသီး လက်ခံရယူ ကြကြောင်း သိရသည်။**မောင်မောင်သန်း(တောင်ကြီး)**





# မြစ်ကြီးနားမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနား မြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင် အခမ်းအနား၊ သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ပြုဆု ချီးမြှင့်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ဖေဖော် ဝါရီ ၁၂ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲက နိုင်ငံတော်အလံတင်အခမ်းအနား ကို ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်း ရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း ဦးဆောင်၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော် အလံအား လွှင့်တင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာ အကြီးအကဲ များက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် တပ်မတော်ဂုဏ်ပြု စစ်ကြောင်းနှင့်အတူ အခမ်းအနား တက်ရောက် လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေ ပြီးသော နိုင်ငံ့ခေါင်းဆောင်ကြီး များအားအလေးပြုကြပြီး ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံမှ ပေးပို့လာ သော သဝဏ်လွှာကို ဖတ်ကြား သည်။

အလားတူ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်း အမှတ်အဖြစ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများအပါအဝင် ပျော်ပွဲရွှင်ပွဲ အဖြစ် သံပုံးရိုက်၊ ဖားခုန်၊ တာယာ ကွင်း ဘောလုံးကန်၊ ဂုန်နီအိတ်စွပ် အပြေးပြိုင်ပွဲ၊ ခြေသုံးချောင်း ထောက်အပြေးပြိုင်ပွဲ၊ သံပရာသီး ဇွန်းကိုက်၊ ကင်းမြီးကောက် အပြေးပြိုင်ပွဲများစသည့် ပျော်ပွဲ ရွှင်ပွဲ အားကစားပြိုင်ပွဲများကို ပြုလုပ်ကျင်းပခဲ့ကြောင်း သိရှိ ရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံ၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို အနှစ်သာရပြည့်ဝပြီး စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၂**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိ ကွင်း ဒုံးစင်မြင့်၌ ကျင်းပသည်။

ဦးစွာ နံနက် ၅ နာရီ မိနစ် ၃၀ တွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ တင် အခမ်းအနားကို ကျင်းပရာ အလံစောင့်တပ်ဖွဲ့နှင့် အလံတင် တပ်ဖွဲ့တို့က နိုင်ငံတော်အလံကို တိုင်ထိပ်သို့လွှင့်တင်ကာ ကရင် ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဗိုလ်မှူး ကြီး မျိုးမင်းနောင်နှင့် တက်ရောက် လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီခွဲ တွင် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနားကို သီရိကွင်းဒုံးစင်မြင့်၌ ဆက်လက် ကျင်းပရာ ကရင်ပြည်နယ် ခေတ္တ ဝန်ကြီးချုပ်၊ တက်ရောက်ကြသူ များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံး လေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော် အပေါင်းတို့အား အလေးပြုကြ သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့ သည့် ပြည်ထောင်စုနေ့သဝဏ် လွှာကို ကရင်ပြည်နယ် ခေတ္တ ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်း အနားသို့ တက်ရောက်လာသူများ အား ကရင်ပြည်နယ်အစိုးရအဖွဲ့ ၏ အစီအစဉ်ဖြင့် ရခိုင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း၊ ကရင် အစရှိသည့် တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အထိမ်းအမှတ် အားကစားပြိုင်ပွဲ များ၊ တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာအကအလှများ၊ ဂုဏ်ပြု ကြိုဆိုသောအားဖြင့်လမ်း၊ တံတား အခြေခံအဆောက်အဦဖွင့်ပွဲများ ဖြင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားကို စည်ကားစွာကျင်းပခဲ့ကြောင်း သိရ သည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် အခမ်းအနားတက်ရောက်သူများက နိုင်ငံတော် အလံအား အလေးပြုကြစဉ်။ ခရိုင် (ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင်(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မကွေးခရိုင် အားကစားကွင်း၌ ကျင်းပစဉ်။ (အခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာန ဆိုင်ရာများ တက်ရောက်ကြသည်။) **မောင်ညီညာ**



# စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဘားအံမြို့၌ ဖားစည်ကျွဲချိုမုခ်ဦးဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏မြို့တော် ဘားအံမြို့ကို မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပသော အစိမ်းရောင်မြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ (မော်လမြိုင်)ဘက်ခြမ်း မြို့အဝင် ဖားစည်ကျွဲချို မုခ်ဦးကို ဖေဖော်ဝါရီ ၉ ရက်က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် မြို့တော် ဘားအံမြို့တွင် တင့်တယ်ခံ့ညားသော မြို့အဝင်မုခ်ဦးဆိုင်းဘုတ်တစ်ခု တည်ဆောက်နိုင်ရေး အတွက် ကရင်လူမျိုးတို့၏ အမျိုးသား သင်္ကေတတစ်ခု ဖြစ်သော ဖားစည်နှင့် ကျွဲချိုမုခ်ဦးခုံး ဒီဇိုင်း ပုံစံကို အတည်ပြု ရွေးချယ်ပေးခဲ့ပြီး ယခု ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နောင်တွင် မြို့တော်၏ အထင်ကရနေရာတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် အလျား ပေ ၇၀၊ အနံ ခြောက်ပေ၊ အမြင့် ၂၅ ပေရှိသော ဖားစည် ကျွဲချို မုခ်ဦးခုံးကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင် တည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဇွဲကပင်တောင်တန်းကြီးကို နောက်ခံထား၍ ကရင် ဒုံးအက၊ ဖားစည်သံ၊ ကျွဲချိုသံတို့နှင့်အတူ ကိုယ်စိတ်နှလုံးသာယာချမ်းမြေ့ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့အဝင် ဖားစည် ကျွဲချို မုခ်ဦးခုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ် ဒုတိယတပ်မမှူးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖားစည်ကျွဲချို မုခ်ဦးခုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများနှင့်အတူ မုခ်ဦးမြေယာရှုခင်းအလှများကို လှည့်လည်ကြည့်ရှုကြကာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအား မုခ်ဦးခုံး ပုံစံငယ်များကို အမှတ်တရ ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား လောက်ကိုင်မြို့၌ ကျင်းပ

**လောက်ကိုင် ဖေဖော်ဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကျင်းပပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ( ၇၅ ) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့သဝဏ်လွှာကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းအလိုက် ကျင်းပခဲ့သော ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး (ညွှန်ကြားရေးမှူး) ဦးမိုးဇော်လတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့သည်။

ဆက်လက်၍ စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် လောက်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ဌာနဆိုင်ရာများ၏ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့သလို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင်လည်း အားကစားပြိုင်ပွဲများကျင်းပ၍ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များက မန္တလေးမြို့ အမှတ်(၁) စစ်မြေပြင်ဆေးတပ်ရင်း (နန်းတွင်း)တွင် စုပေါင်းသွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင် ၆၈ ဦးမှ စုပေါင်းသွေးလှူဒါန်းကြရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် ကိုကိုအောင်၊ အမှတ်(၁)စစ်မြေပြင် ဆေးတပ်ရင်းမှ တပ်မှူး ဗိုလ်မှူးအောင်စစ်ငြိမ်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာနှင့် အားဆေးများ ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

# တန့်ယန်းမြို့နယ်ရှိ ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်

**တန့်ယန်း ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခြောက်လမီနီဘတ်ဂျက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင် ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလေးရွာ၌ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ ပကတိလိုအပ်ချက်များပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို မိမိတို့ကိုယ်တိုင်ရေးဆွဲပြီး အဆိုပါ စီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းက ကျေးရွာသူ ကျေးရွာသားတွေအားလုံးပါဝင်ပြီး ကျေးရွာရဲ့ အဓိက ပကတိလိုအပ်ချက်တွေပါဝင်တဲ့ ဦးစားပေးအလိုက် စီမံချက်လုပ်ငန်းတွေ ဖော်ထုတ်ပါတယ်။ အဲဒီစီမံချက်လုပ်ငန်းတွေထဲက ပထမဦးစားပေးလုပ်ငန်းကို ကျွန်တော်တို့ဦးစီးဌာနက ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာရဲ့ ငွေထည့်ဝင်မှု၊ လုပ်အားထည့်ဝင်မှုတွေနဲ့ စတင်ဆောင်ရွက်ပေးပါတယ်။ ကျန်တဲ့ လုပ်ငန်းတွေကို သက်ဆိုင်ရာ မြို့နယ်အဆင့် ဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ရေးဆွဲပေးတဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။

တန့်ယန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် နားဟင်ကျေးရွာနှင့် ပန်းပွဲကျေးရွာတို့၌ စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၂၀၀၊ ကျေးရွာ ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၆၇ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၂၆၇ ဒသမ ၅ သိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍ မန်ကောင်းမှူး၊ မန်မတ်တွယ်၊ နားခါး၊ လုံးမု စသည့်ကျေးရွာလေးရွာတွင် စီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။**သန်းလွင်(မကွေး)**

# ထားဝယ်တက္ကသိုလ်၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများအတွက် ဆုချီးမြှင့်

**ထားဝယ် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး(တက္ကသိုလ်အဆင့်) (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့်ကျပန်းစကားပြောပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံတော်အစိုးရက စိန်ရတုအထိမ်းအမှတ်ပြပွဲများ၊ ပြခန်းများကိုလည်း ဖွင့်လှစ်ပြသလျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် စိန်ရတုပြည်ထောင်စုနေ့ အကြိုစာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း၊ ဗဟိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်စေရန် ရည်ရွယ်ပြီး တိုင်းရင်းသားအားလုံး ဦးညွှတ်အလေးပြုသော ပြည်ထောင်စုအလံကို ရန်ကုန်မြို့တော်ခန်းမ၌ အလေးပြုပြီး နေပြည်တော်သို့ သယ်ဆောင်ခြင်းအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး (တက္ကသိုလ်အဆင့်)(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဆုရရှိသူတစ်ဦးအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဆုချီးမြှင့်နေစဉ်

## ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၈၇ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

**(၁၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၇၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁,၇၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၆၈,၉၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၅,၂၉၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၆,၈၈၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၂၄) ခု | (၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၅) ခု | (၃၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၄၃) ခု | (၁၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၀၀) ခု | (၁၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၇၇၅) ခု | (၁,၃၁၄) ဦး |
| **စုစုပေါင်း** | (၂၄,၇၂၅) ခု | (၁,၇၈၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များနှင့် ကုသရေးစင်တာ (Treatment Center) များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၂ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၂၂၈၆၂၈ | ၄၉၆၂၆၆၀၄ | ၉၄၂၀၀၆ |
| ၂။ | အိန္ဒိယ | ၄၂၅၈၆၅၄၄ | ၄၁၄၆၈၁၂၀ | ၅၀၈၀၁၂ |
| ၃။ | ဘရာဇီး | ၂၇၂၉၁၅၁၅ | ၂၃၅၆၈၂၁၃ | ၆၃၇၂၃၂ |
| ၄။ | ပြင်သစ် | ၂၁၅၀၃၆၅၄ | ၁၆၅၅၇၈၉၆ | ၁၃၄၅၃၆ |
| ၅။ | ဗြိတိန် | ၁၈၂၂၀၅၁၅ | ၁၅၈၄၃၂၂၃ | ၁၅၉၃၅၁ |
| ၆။ | ရုရှား | ၁၃၉၃၅၅၆၀ | ၁၁၁၃၄၂၉၁ | ၃၃၉၅၄၂ |
| ၇။ | တူရကီ | ၁၂၇၄၈၃၄၁ | ၁၁၈၄၁၆၇၅ | ၈၉၉၉၄ |
| ၈။ | ဂျာမနီ | ၁၂၁၂၆၉၉၁ | ၈၆၇၉၄၀၀ | ၁၂၀၄၁၁ |
| ၉။ | အီတလီ | ၁၁၉၉၁၁၀၉ | ၁၀၀၈၉၄၂၉ | ၁၅၀၅၅၅ |
| ၁၀။ | စပိန် | ၁၀၆၀၄၂၀၀ | ၇၃၆၁၆၉၄ | ၉၅၉၉၅ |

### ၁၂-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၇၆၃၂၅၂ | ၄၂၈၂၈၄၇ | ၁၄၅၀၆၅ |
| ဖိလစ်ပိုင် | ၃၆၃၄၃၆၈ | ၃၄၉၅၂၀၉ | ၅၄၉၃၀ |
| မလေးရှား | ၂၉၉၆၃၆၁ | ၂၈၄၁၂၇၁ | ၃၂၀၉၉ |
| ထိုင်း | ၂၅၇၇၄၄၅ | ၂၄၃၆၅၄၀ | ၂၂၄၁၅ |
| ဗီယက်နမ် | ၂၄၈၄၄၈၁ | ၂၂၁၈၉၃၉ | ၃၈၈၆၂ |
| မြန်မာ | ၅၄၅၂၉၈ | ၅၁၆၈၈၂ | ၁၉၃၁၀ |
| စင်ကာပူ | ၄၄၉၅၇၀ | ၄၁၀၄၃၁ | ၈၈၅ |
| လာအို | ၁၃၈၇၆၅ | ၁၃၄၃၄၂ | ၅၉၁ |
| ကမ္ဘောဒီးယား | ၁၂၁၀၄၂ | ၁၁၈၆၆၀ | ၃၀၁၅ |
| ဘရူနိုင်း | ၂၁၅၇၉ | ၁၆၈၉၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ဩစတြေးလျနိုင်ငံ၏ အပျော်စီးသင်္ဘောလုပ်ငန်းကို လအနည်းငယ်အတွင်း ပြန်လည်စတင်တော့မည်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၂**

လပေါင်းအနည်းငယ်အတွင်း အပျော်စီးသင်္ဘောလုပ်ငန်းကိုပြန်လည်စတင်တော့မည်ဟု ဩစတြေးလျကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောသည်။

လူသားဇီဝလုံခြုံရေးအတွက် အချိန်ကာလသတ်မှတ်ချက်ကို တိုးချဲ့ရန် ဗဟိုအစိုးရက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ ဇီဝလုံခြုံရေးအောက်တွင် အပြည်ပြည်ဆိုင်ရာမှ အပျော်စီးသင်္ဘောများသည် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ခရီးသည် ၁၀၀ ထက် ပို၍တင်ဆောင်ခြင်းကို ပိတ်ပင်ခံထားရသည်။

လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင်သင့်ဖြစ်ပါက အပျော်စီးပင်လယ်ကူးသင်္ဘောများအပေါ် ပိတ်ပင်ထားမှုအား ဖြေလျှော့ပေးတော့မည်ဟု ဂရက်ဟန့်က ပြောသည်။ ဩစတြေးလျနိုင်ငံအနေဖြင့် မူလအနေအထားသို့ ပြန်လည်ရောက်ရှိကြောင်း အရေးပါသည့်သင်္ကေတဖြစ်သည်ဟုလည်း ၎င်းက ဖေဖော်ဝါရီ ၁၁ ရက်တွင် သတင်းထောက်များကို ပြောသည်။

Ruby Princess သင်္ဘောပေါ်တွင် ခရီးသည် ၂၇၀၀ ကို ကိုဗစ် - ၁၉ ဆေးစစ်ခြင်းမပြုလုပ်ဘဲ ၂၀၂၀ ပြည့်နှစ် မတ် ၁၉ ရက်က ဆစ်ဒနီမြို့တွင် ကမ်းကပ်ခွင့် မပေးခဲ့ပေ။ အဆိုပါသင်္ဘောမှာ ကိုဗစ်-၁၉ကပ်ရောဂါအစောပိုင်းကာလ ဩစတြေးလျတွင် ရောဂါကူးစက်မှု၏ အကြောင်းရင်းတစ်ခုလည်း ဖြစ်သည်။

ယင်းအချိန်မှစတင်ကာ အပျော်စီးပင်လယ်ကူးသင်္ဘောများကို ပိတ်ပင်မှုစတင်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် ဖေဖော်ဝါရီ ၁၂ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၀၀၀၀ ကျော် တွေ့ရှိခဲ့ရသည်။

ဆင်ဟွာ



# ဗြိတိန်နိုင်ငံသို့ဆိုက်ရောက်လာသည့် ကာကွယ်ဆေးအပြည့်ထိုးပြီးသူများအား ကိုဗစ် -၁၉ ဆေးစစ်မှုမှ ကင်းလွတ်ခွင့်ပေး

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

ယခုအခါ ကာကွယ်ဆေးအပြည့်ထိုးပြီးသား ခရီးသွားများသည် ကိုဗစ် -၁၉ ဆေးစစ်မှု လုပ်ဆောင်ခြင်းမပြုဘဲ ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိသွားပြီဖြစ်သည်။

ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသွားများအား ဆေးစစ်မှုကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကာ အဆုံးသတ်လိုက်ပြီဖြစ်သည်။ ခရီးမထွက်ခွာမီ ကြိုတင်ဆေးစစ်မှုကိုလည်း ယခင်လကတည်းက ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။




လန်ဒန်မြို့ဟီသရိုးလေဆိပ်၌ အပြည်ပြည်ဆိုင်ရာခရီးသွားများကို တွေ့ရစဉ်။

ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရသည့် ခရီးသည်များသည် ကာကွယ်ဆေးထိုးထားမှု အဆင့်အတန်း၊ ခရီးသွားရာဇဝင်နှင့် ထိတွေ့သူများကို သိရှိနိုင်ရန်အတွက် တည်နေရာပြဖောင်ဖြည့်သွင်းရမည် ဖြစ်သည်။ ဗြိတိန်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုများမှာ ၂၀၀၀၀၀ ကျော်မှ ၇၀၀၀၀ အောက်အထိ ကျဆင်းလာခဲ့သည်။ ရောဂါလက္ခဏာပြင်းထန်သည့် လူနာဦးရေမှာလည်း လျော့ကျလာသည်ဟု ဗြိတိန်အစိုးရက ပြောသည်။

ခရီးသွားလာမှု ဆိုင်ရာ စည်းကမ်းချက်များ ဖြေလျှော့ခြင်းအပေါ် ဗြိတိန်ပြည်သူများက ကြိုဆိုကြသည်။ အသက် ၄၀ ဝန်းကျင် အမျိုးသမီးက ယခုလို ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့် စီးပွားရေးအတွက်လည်း ကောင်းမွန်ပြီး မကြာမီ ဂရိနိုင်ငံသို့ အလည်အပတ် သွားနိုင်လိမ့်မည်ဟု ပြောသည်။

အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးကလည်း ကပ်ရောဂါမတိုင်မီကာလ အခြေအနေကို တဖြည်းဖြည်းချင်း ပြန်လည်ရောက်ရှိမည်ကို ကြိုဆိုကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

# ဖိုက်ဇာ ကာကွယ်ဆေးကို ကလေးငယ်များတွင် အသုံးပြုခွင့်အတွက် ဆွေးနွေးပွဲကို အက်ဖ်ဒီအေ ရွှေ့ဆိုင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

ဖိုက်ဇာကာကွယ်ဆေးကို အသက်ခြောက်လမှ လေးနှစ်အရွယ်ကလေးများအား ထိုးနှံပေးရေးအတွက် အကြံပေးအဖွဲ့အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်သည်ဟု အမေရိကန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ) က ဖေဖော်ဝါရီ ၁၁ ရက်တွင်ကြေညာခဲ့သည်။ အက်ဖ်ဒီအေ၏ ကာကွယ်ဆေးနှင့် ဇီဝပစ္စည်းများ အကြံပေးကော်မတီအစည်းအဝေးကို မူလက ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ရန်မူလကစီစဉ်ခဲ့သည်။ ဖိုက်ဇာကုမ္ပဏီမှ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် တောင်းဆိုသည့်အခါ နောက်ထပ်အချက်အလက်များလိုအပ်သေးသည်ဟူသော အကြောင်းပြချက်ဖြင့် ရက်ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# မော်ရိုကိုနိုင်ငံတွင် လူပေါင်း ငါးသန်းကျော် တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်

**ရာဘတ် ဖေဖော်ဝါရီ ၁၂**

မော်ရိုကိုနိုင်ငံတွင် လူပေါင်း ၅၀၆၃၁၀၇ ဦးကို တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောသည်။ မော်ရိုကိုနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူ ၂၄၇၀၀၆၈၆ ဦးရှိပြီး နှစ်ကြိမ်အပြည့်ထိုးပြီးသူ ၂၃၁၃၄၈၉၄ ဦးရှိပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ကတည်းက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် - ၁၉ ကူးစက်ခံရသူဦးရေမှာ ၁၁၅၃၅၆၂ ဦးရှိပြီး ဖေဖော်ဝါရီ ၁၁ ရက် တစ်ရက်တည်းတွင်ပင် ကူးစက်ခံရသူ ၁၁၄၈ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန် အနောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**ကဘူးလ် ဖေဖော်ဝါရီ ၁၂**

အာဖဂန်နစ္စတန်အနောက်ပိုင်းရှိ အဓိက ဘာသာရေးအဆောက်အအုံရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်ကျန်းမာရေးအကြီးအကဲဖြစ်သူ မိုဟမ်မက် အဆစ်ကွာနက်က ဖေဖော်ဝါရီ ၁၁ ရက်က ပြောသည်။

ဒဏ်ရာရရှိသူ ၁၄ ဦးတွင် တစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း၊ အာဖဂန်နစ္စတန် အနောက်ပိုင်း ဘတ်ဂစ်ပြည်နယ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ရာရရှိသူများထဲတွင် ကလေးလေးဦး ပါဝင်ကြောင်း အာဏာပိုင်များက ပြောသည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘတ်ဂစ်ပြည်နယ် သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဘတ်ဖ်မိုဟာမက် ဆာဝါရီက ပြောသည်။ အဆိုပါပေါက်ကွဲမှုနှင့်ပတ်သက်၍ သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးထားပြီး မည်သည့်အုပ်စု၏ လက်ချက်မှန်း မသိရသေးကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ



ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးကို တွေ့ရစဉ်။

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၄၀ ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မန္တလေး ဖေဖော်ဝါရီ ၁၂

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၄၀ ကို ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ(၄၀၁)ပုဒ်မခွဲ(၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ (အောက်ယာပုံ)**

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟို အကျဉ်းထောင်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်နှင့် အကျဉ်းဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူး ဦးချိုဝင်းထွန်းတို့ တက်ရောက်ခဲ့ ကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများကို ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် အကျဉ်းသား/ အကျဉ်းသူများကို အကျဉ်းထောင် တာဝန်ရှိသူများက ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများဖြစ်သည့် အပူချိန် တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းကို စနစ်တကျ ဆောင်ရွက်ပေးကာ ခရီးစရိတ်ငွေများ ပေးအပ်၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြသည်။

ယင်းသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် ပတ်သက်၍ မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးချွန်က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၇၅)နှစ် မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အနေနဲ့ အကျဉ်းထောင်ထဲမှာ ထိုက်သင့်တဲ့ပြစ်ဒဏ် တွေကို ကျခံခဲ့ပြီးတဲ့အပြင် ကောင်းမွန်စွာနေထိုင်တဲ့ အကျဉ်းသားတွေကို ပြစ်ဒဏ်တွေလျှော့ပေါ့ပေးပြီး ဥပဒေပုဒ်မ(၄၀၁)ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်း ခွင့်နဲ့ ပြန်လွှတ်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးဗဟိုအကျဉ်းထောင်ကနေ ဒီကနေ့ ပြန်လွှတ် တဲ့ အကျဉ်းသားဦးရေက အကျဉ်းသား ၃၇ ဦးနဲ့ အကျဉ်းသူ သုံးဦး စုစုပေါင်း ၄၀ ဖြစ်ပါတယ်။ ဒီလို ပြန်လွှတ်ပေးတဲ့အချိန်မှာ သူတို့ရသင့်ရထိုက်တဲ့ ခရီး စရိတ်တွေ လမ်းစရိတ်တွေနဲ့ ကိုဗစ်ကာကွယ်ဆေးထိုး ပြီးတဲ့ မှတ်တမ်းကတ်ပြားတွေကိုလည်း ထုတ်ပေး လိုက်ပါတယ်"ဟု ပြောသည်။

ယနေ့ ပြန်လည်လွတ်မြောက်လာသည့် ကိုကျော်ဇင်ထွန်းကလည်း "စိန်ရတု ပြည်ထောင်စု နေ့အထိမ်းအမှတ်အနေနဲ့ အကြောင်းအမျိုးမျိုး ကြောင့် ပြစ်ဒဏ်ကျခံနေကြရတဲ့ ကျွန်တော်တို့လို



အကျဉ်းသားတွေအပေါ်မှာ မိမိတို့အိမ်ပြန်ရမယ့် ရက်ထက်စောပြီး ပြန်ခွင့်ပေးတဲ့ နိုင်ငံတော်က တာဝန်ရှိသူ အကြီးအကဲအားလုံးကို အထူးကျေးဇူး တင်ရှိပါတယ်၊ မိသားစု ရင်ခွင်ကို စောစောပြန်ခွင့်ရတဲ့ အတွက်လည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၄၀၁)၊ပုဒ်မခွဲ (၁) အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ် ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များ ကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ် မှတ်ချက်ဖြင့် ၎င်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ် များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက် ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**




## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား ၁၃ ဦးကို ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အချုပ်ထောင်မှ လွှတ်ပေး

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၂**

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၅/၂၀၂၂၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အရ အကျဉ်းသားများအား ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိ ရပ်ကွက် နေပြည်တော် အချုပ်ထောင်မှ လွှတ်ပေးခဲ့ ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား များအနက် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီး ဖြစ်သည့်အပြင် စည်းကမ်းကောင်းမွန်စွာနေထိုင် ကြသော အကျဉ်းသား ၁၃ ဦးအား နေပြည်တော် အချုပ်ထောင်တာဝန်ခံအရာရှိ ဦးစီးအရာရှိ ဦးထွန်း ဝင်းထိုက်နှင့် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီး အရာရှိ ဦးဝင်းကျော်တို့က ဆုံးမစကား ပြောကြား ခဲ့ကာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ (၄၀၁)၊ ပုဒ်မခွဲ (၁) အရ၊ နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံရမည် ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံ ရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး အကျဉ်းသားများအား နေပြည်တော် မြို့မဈေးရှိ အဝေးပြေးယာဉ်ရပ်နားဝင်းသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ရှစ်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု လွှတ်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ် အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်း သား ရှစ်ဦးကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က နန်းတော်ကုန်း ရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ မိတ္ထီလာအကျဉ်း ဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဦးစောဘောနီတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ် မြောက်မည့် အကျဉ်းသားများအား မိတ္ထီလာအကျဉ်းဦးစီးဌာန ရုံးခန်း တွင် ဆုံးမစကားများ ပြောကြား ခဲ့ပြီး အကျဉ်းသားများအား လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေ များ ပေးအပ်သည်။

**လွတ်ငြိမ်းချမ်းသာ**

ယနေ့တွင် မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနရှိ အကျဉ်း ထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုချက်ဖြင့် အကျဉ်းသား ရှစ်ဦးကို လွှတ်ပေးကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မိတ္ထီလာအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးလိုက်သည့် အကျဉ်းသားများအား တာဝန်ရှိသူများက ဆုံးမစကား ပြောကြားစဉ်။

❐ *ကျောဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ယနေ့ရက်စွဲပါ အမိန့် အမှတ်၊ ၁၅/၂၀၂၂နှင့် ၁၆/၂၀၂၂ တို့ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ် အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက် ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုခဲ့မှုအရ အင်းစိန်ဗဟို အကျဉ်းထောင်မှ သတ်မှတ် စည်းကမ်းနှင့် ကိုက်ညီသည့် နိုင်ငံသား အကျဉ်းသား ၈၂ဦး၊ အကျဉ်းသူ ရှစ်ဦး စုစုပေါင်း ၉၀နှင့် နိုင်ငံခြားသား(သီရိလင်္ကာနိုင်ငံသား) အကျဉ်းသား ခုနစ်ဦး စုစုပေါင်း ၉၇ဦးတို့ကို ယနေ့တွင် လွတ်မြောက် သူ အကျဉ်းသား/အကျဉ်းသူ တစ်ဦးချင်းအား အကျဉ်းထောင်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးကာ စနစ်တကျ လွှတ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁) တို့အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသား/သူ ၉၀ လွှတ်ပေးပွဲအခမ်းအနားကို အင်းစိန် ဗဟိုအကျဉ်းထောင်၊ မိုးလုံလေလုံ အားကစားရုံခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးကြည်၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အကျဉ်းထောင် အရာထမ်း/ အမှုထမ်းများနှင့် လွတ်မြောက်ခဲ့ သည့် အကျဉ်းသား/သူများတက်ရောက်ခဲ့ကြပြီး **အကျဉ်းသား/ သူများကို သက်ဆိုင်ရာ မြို့နယ်များအလိုက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးသောမော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့** သည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး၊ ညောင်ဦးမြို့နေ ထူးဝေလင်း၊ အောင်ကျော်ဝင်း၊ နိုင်ဝင်းအောင်၊ သိန်းစိုးဦး၊ အေးလွင်၊ ကျော်ဆွေငြိမ်း၊ သောင်းတန်၊ ကောင်းဆက်သူ၊ ဇော်ဇော်၊ သန်းသန်းဌွေးနှင့် မိုးမိုးတို့ ၁၁ ဦးသည် ၎င်းတို့အသုံးပြုသည့် Facebook အကောင့်များ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နေ အကောင့်ပိုင်ရှင် (စိစစ်ဆဲ) အသုံးပြုသည့် "Kyal Uniform" Facebook Pageနှင့် သဃ်န်းကျွန်း မြို့နယ်နေ ဇေထက်သည် ၎င်းအသုံးပြုသည့် "Zay Htet" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူ၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူကို ပြစ်ဒဏ်ချမှတ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၂၄၇) သီတာလမ်းနေ မြင့်ဇော်(ခ) မြင့်ဇော်မြင့် (ဘ) ဦးဘိုညွန့်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလ အတွင်း၌ မြောက်ဥက္ကလာပ မြို့နယ်၌ပြုလုပ်သော ဆူပူဆန္ဒပြသောင်းကျန်းမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ၎င်းအား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လက်ကိုင်ဖုန်း Handset များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် တွင် ရန်ကုန်မြို့ထီးတန်းဆိပ်ကမ်း၌ တာဝန်ကျ အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ ကွန်တိန်နာအား ဖွင့်ဖောက်စစ်ဆေးရာတွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ပါဝင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။**




ဖေဖော်ဝါရီ ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တော ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးရာ ကြံခင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၂၃ ဒသမ ၁၃၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၉၅၁၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၄၅၁၄တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၃၀၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရွှေဘိုမြို့တွင် ISUZU အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် ကော့ကရိတ် တံတားကျိုး အမြဲတမ်း စစ်ဆေးရေးစခန်းမှ အကောက်ခွန် ဦးစီးဌာနနှင့် တာဝန်ကျ ဌာနဆိုင်ရာပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးရာ တရားမဝင်တင်ဆောင်လာသော လက်ကိုင်ဖုန်း Hand Set ၂၄၄လုံး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Express မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၅ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၀၅၈၂၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် လေးချီစိန်ခေါ်ပွဲ၌ ကနောင်သွေး (အဖြူရောင်သွေးသစ်)နှင့် ကိုကို(STL)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ၌ ကိုကို၏ညာလက်သီးကြောင့် ကနောင်သွေး ဒဏ်ရာအနာတရ ရကာ မယှဉ်ပြိုင်နိုင်၍ အရှုံးပေးလိုက်ရသည်။ ခေတ်နိုင်(ဖိုးရာဇာ)နှင့် သန့်ဇင်(တော်ဂင်ဇရာ)တို့ပွဲတွင် သန့်ဇင်၏ဘယ်ညာလက်သီး တွဲလုံးများကြောင့် ဒုတိယအချီတွင် ခေတ်နိုင်မျက်နှာဒဏ်ရာရကာ ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ သန့်ဇင်အနိုင်ရရှိသွားသည်။

နောက်တစ်ပွဲဖြစ်သည့် ထွန်းမင်းအောင် (ထွန်းထွန်းမင်း)နှင့် ရှင်းသန့်အောင်(AMT2)ပြိုင်ပွဲတွင် ပထမအချီမှ တတိယအချီအထိ ထွန်းမင်းအောင် အသာစီးထိုးနိုင်ခဲ့ကာတတိယအချီတွင် ရှင်းသန့်အောင် ခေါင်းဒဏ်ရာရပြီး အရှုံးပေးခဲ့ရသည်။

**ပူးတွဲသရေ**

ထို့ပြင် ငါးချီစိန်ခေါ်ပွဲတွင် လျှမ်းတောက်(AMT2)၏ လက်သီး၊ ခြေကန်ချက်များကြောင့် သိန်းစိုး(အဖြူရောင်သွေးသစ်) ဒုတိယအချီတွင် နံရိုးထိမိပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့၍ လျှမ်းတောက် အနိုင်ရရှိသွားသည်။ ထို့ပြင်သာဒိန်း(ဖိုးရာဇာ)နှင့် ကမ္ဘာရှား(AMT2)၊ ကျားသွေး(ထွန်းထွန်းမင်း)နှင့် အဲးမွှီ(နဂါးမင်း)တို့ ပြိုင်ပွဲများတွင် ပွဲကြီးပွဲကောင်းဖြစ်ခဲ့ကြပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အမှုဆောင်များ၊ အားကစားသမားများ ကြည့်ရှုအားပေးကြသည်။ ယင်းပြိုင်ပွဲကို ပရိသတ်မပါဘဲ ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါစည်းကမ်းနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

### မြန်မာ့သစ်လုပ်ငန်း
### ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်းသစ်လုံး/သစ်မာသစ်လုံး/ကျွန်းခွဲသားများကို ONLINE စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်–

(က) **ရောင်းချမည့်ရက်နှင့်အချိန်** – ၂၅–၂–၂၀၂၂ ရက်၊ နံနက် ၀၉:၃၀ နာရီ
- ရန်ကုန်(ကျွန်းသစ်လုံး) ၇၁၇ တန်
- သစ်မာသစ်လုံး(နယ်/ရန်ကုန်) ၄၆၇၀ တန်ခန့်
- ကျွန်းခွဲသား(ပြည်ပရောင်း/သစ်အခြေခံ) ၂၃၀ တန်

တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** – တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်ဖုန်း – ၀၉–၅၁၂၈၁၄၈၊ ၀၉–၅၀၅၃၈၆၅

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် မြေငှား ဂရန်အသစ်၊ မြေဂရန်ခွဲစိတ်လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | အမည် | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁။ | ဒေါ်မေတန်ခူးကိုကို | (၁၆၅၆၊ ကင်းကွင်း) | (၂၀၃၊ ၂၄၆) | ၀.၁၂၀ |
| ၂။ | ဒေါ်မေတန်ခူးကိုကို | (၁၆၅၆၊ ကင်းကွင်း) | (၂၀၆၊ ၂၄၆) | ၀.၁၂၀ |
| ၃။ | ဦးဆက်ဝေညွန့် | (၁၆၅၆၊ ကင်းကွင်း) | (၂၃၅) | ၀.၀၆၀ |
| ၄။ | ဦးဆက်ဝေညွန့် | (၁၆၅၆၊ ကင်းကွင်း) | (၂၀၄၊ ၂၀၅၊ ၂၄၅၊ ၂၄၄) | ၀.၂၄၀ |
| ၅။ | ဒေါ်ဖြိုးမွန်မွန်အောင် | (၁၆၅၆၊ ကင်းကွင်း) | (၂၂၆၊ ၂၂၇၊ ၂၃၃၊ ၂၃၂) | ၀.၂၄၀ |
| ၆။ | ဦးဘိုရဲ | (၁၆၅၆၊ ကင်းကွင်း) | (၂၀၇၊ ၂၀၈) | ၀.၁၂၀ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲရင့်အောင် ၉/ခမစ(နိုင်) ၀၄၃၈၂၂ ၏ ပြင်ဦးလွင်မြို့၊ ကန်တော်ကြီး ဒေသ ကော်ဖီစိုက်ပျိုးခွင့် စာချုပ်အမှတ် ၁၆–၃–၂၀၀၄ ရက်စွဲပါအမှတ် စီမံ–၂၇/၀၂၄/၂၀၀၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၉၉၇၉၇၇၇

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 9P/1901 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3478, Shwe Mandalar (SML–004), Truck (8x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးလတ် ၇/ဒဥန(နိုင်)၀၀၇၃၃၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/3383, Daihatsu Hijet S201P, Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထွန်း ၉/တတဥ(နိုင်)၁၁၀၆၆၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၈၆၅၇၁, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၅/တဆန(နိုင်)၀၈၃၅၄၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ AUNG MYIN THEIN COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၅၀၀၀ မှ ကျပ်သိန်း ၅၀၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**AUNG MYIN THEIN COMPANY LIMITED**

### မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ SHWE PYAE HLYAN GLOBAL CONSTRUCTION AND TRADING CO., LTD သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၅၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**SHWE PYAE HLYAN GLOBAL CONSTRUCTION AND TRADING CO., LTD**

### အသိပေးကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ (စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန) ကော်ဖီစီမံကိန်းဧရိယာ၊ ဂေါက်ကွင်းတောင်ပိုင်း၊ မြေကွက်အမှတ်(၁၂/၁)၊ (မြေလွတ်/မြေလပ်) မြေဧရိယာ (၄)ဧကကို ဦးရဲရင့်အောင် (ဘ) ဦးကျော်အောင် ၉/ခမစ(နိုင်)၀၄၃၈၂၂ အား ၁၆–၃–၂၀၀၄ ရက်စွဲပါစာအမှတ် စီမံ /၂၇/၀၂၄/၂၀၀၄ ဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၊ ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ရန်ခွင့်ပြုခဲ့ပါသည်။

ယခုအခါ ဦးရဲရင့်အောင်အား ကော်ဖီစိုက်ပျိုးလုပ်ကိုင်ရန် လုပ်ကိုင်ခွင့်ပြုသည့်စာမှာ ခရီးသွားလာရင်း ရေစိုပျက်စီးသွားပါသဖြင့် အသစ်ပြန်လည် ထုတ်ပေးရန် လျှောက်ထားသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရေစိုပျက်စီးသည့် စာချုပ်အား ပယ်ဖျက်ရန် ဒုတိယအကြိမ်စိုက်ပျိုးလုပ်ကိုင်ခွင့် ခွင့်ပြုစာထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့**

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်၊ အကွက်အမှတ်(အ/၁၆၄)၊ မြေဧရိယာ အကျယ်အဝန်း(၄၀x၃၀)ပေရှိ မြေကွက်အား ပြင်ဦးလွင်မြို့၊ မြို့မြေနေရာချထားရေးကော်မတီမှ မြေချထားပေးသည့် အမိန့်အမှတ်စဉ် (2135)အရ ဦးဘိုစိန်(MMU–၀၀၉၉၈၆) အမည်ဖြင့် မြေပေးမိန့်ချထားပေးပြီးအမည်ပေါက်သူ ဦးဘိုစိန်(ဘ)ဦးချစ်တင် ၉/မမန(နိုင်)၀၂၅၈၁၃ မှ ဦးတင်မြင့် (ဘ) ဦးထွန်းမင်း (ခ) ဟာမက် ၉/မမန(နိုင်)၀၁၆၀၇၁ အား ၂၉–၃–၂၀၁၁ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၃/၂၀၁၁) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။

အထွေထွေကိုယ်စားလှယ်လွှဲစာလက်ခံရရှိသူ ဦးတင်မြင့် မှာ ၁၃–၁–၂၀၂၀ရက်တွင် ကွယ်လွန်သွားပြီးဖြစ်သောကြောင့် ဆက်လက်ထားရှိရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ပယ်ဖျက်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဘိုစိန်(ဘ) ဦးချစ်တင်**
**၉/မမန(နိုင်)၀၂၅၈၁၃**
**ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်မိုးမိုးမြတ်ကို (ဘ) ဦးကိုကြီး ၁၂/မဂဒ(နိုင်)၀၁၆၂၅၆ သည် မကွေးမြို့ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး မှတ်ပုံတင်အရာရှိရှေ့တွင် ၆–၈–၂၀၂၀ ရက်၌ ဦးစိန်မောင်သောင်း၏ သမီးဖြစ်သူ ဒေါ်တင်မိုးခိုင် ၈/မကန(နိုင်)၁၂၂၁၉ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၆၀/၂၀၂၀ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဥ္စူနှင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၆၃၃)**
**အမှတ်–၄၁၊ သပြေလမ်း၊ သိင်္ဂီရပ်၊ မကွေးမြို့**
**ဖုန်း–၀၉–၂၅၆၆၄၂၈၃၃**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### ဒေသ–၅၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ–၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းနယ်မြေအတွင်းရှိ အောက်ပါဆိပ်ကမ်းများတွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရေယာဉ်များ ဆိပ်ကမ်းကပ်ခအခွန်ကောက်ခံရေး ဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(၁) မန္တလေးဆိပ်ကမ်း
(၂) အမရပူရဆိပ်ကမ်း
(၃) ပုဂံ–ညောင်ဦးဆိပ်ကမ်း
(၄) အင်းနက်ဆိပ်ကမ်း (သပိတ်ကျင်းမြို့)

**တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း** – ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ–၅၊ မန္တလေးမြို့၊ အမှတ်(၃၂၂)၊ ၈၂ လမ်း၊ (၃၄x၃၅)လမ်း၊ ဒေးဝန်းအနောက်၊ ကျောက်ကွေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** – ၁၅–၂–၂၀၂၂ ရက် (ရုံးချိန်အတွင်း)

**တင်ဒါပိတ်မည့်ရက်** – ၁၅–၃–၂၀၂၂ ရက် ၄:၃၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်ကို လျှောက်ထားသူထံ အကြောင်းကြားပါမည်။

အသေးစိတ်သိရှိလိုပါက ဖုန်း–၀၂–၄၀၆၀၂၃၇ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၈၈၁၄, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောမြနန္ဒာ ၈/ပခက(နိုင်)၂၂၂၃၉၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/22643, Adixin 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းသီတာအေး ၉/အမဇ(နိုင်)၀၃၀၃၄၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ မြမာလာရပ်၊ ပုညလမ်း၊ အမှတ်(၁၈၅)နေ ဒေါ်မြနှင်းအေးမှ Beauty Heart တံဆိပ်အမည် အမှတ်အသားဖြင့် လူသုံးကုန်/ အလှကုန်လုပ်ငန်းအမျိုးမျိုး မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြနှင်းအေး ၉/ပဥလ(နိုင်)၀၁၇၈၁၉**
**အမှတ် ၁၈၅၊ မြမာလာရပ်၊ ပုညလမ်း၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ စက်မှုမြေကွက်နံပါတ်(ဃ/၁၅)၊ မြေဧရိယာ ၄ ဒသမ ၀၀ ဧကရှိ မြေကွက်ကို ၁–၈–၂၀၀၈ ရက်တွင် ဦးသော်ဇင်လင်း(ဘ) ဦးစိန်ရ ၅/စကန(နိုင်)၁၇၄၀၆၃ ထံမှ ဝယ်ယူခဲ့ပြီး ယင်းမြေကွက်ပေါ်တွင် ခင်ပွန်း ဦးအောင်ကျော်စိုးနှင့်အတူ ၎င်းအမည်ဖြင့် ကားထုတ်လုပ်ရေးလုပ်ငန်းကို ယနေ့အထိ မိသားစုလုပ်ကိုင်စားသောက်ခဲ့ကြ၍ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ ယင်းမြေကွက်ကို ဦးသော်ဇင်လင်းအမည်မှ ဦးအောင်ကျော်စိုး အမည်သို့ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)၏ (၆–၁–၂၀၁၇)ရက်စွဲပါစာအမှတ် စက်မှု/ကြီးကြပ်(၀၀၁)/၂၀၁၇ ဖြင့် အမည်ပြောင်းလဲချထားပေးခဲ့ကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်စိုးသည် လွန်ခဲ့သော ၁၀–၉–၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၇–၂–၂၀၂၂ ရက်တွင် ဒေါ်ယဉ်မြတ်သူသည် ဦးအောင်ကျော်စိုး၏ တရားဝင် ဇနီးမယားတစ်ဦးတည်းဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုခဲ့ကြောင်းနှင့် အဆိုပါမြေပေးမိန့်သည် ပျောက်ဆုံးပျက်စီးသွားကြောင်း စစ်ကိုင်းမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုထားပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိပါကြောင်းတို့အား အိမ်ထောင်စုဇယားမိတ္တူ မှတ်ပုံတင်မိတ္တူ မိသားစုဓာတ်ပုံများနှင့်အတူ ပူးတွဲတင်ပြ၍ မြေပေးမိန့်အား အမည်ပြောင်းလဲချထားပေးနိုင်ပါရန် ဤရုံးသို့တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)နှင့် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်အား အမည်ပြောင်းလဲထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**စက်မှုဇုန်ကြီးကြပ်မှုကော်မတီ**
**မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း)**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း

မန္တလေးမြို့နေ ဦးကျော်စိုးထွန်း ၉/အမဇ(နိုင်) ၀၄၀၅၂၈ ၏ဇနီးဖြစ်သူ ဒေါ်ပိုးလေးမွှေး ၁၃/ကတန(နိုင်) ၁၆၄၄၁၆ သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးထွန်း**

# ကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် – ၅၊ နည်းဥပဒေ– ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၂

ဦးစံချိန် နှင့် ဦးမြင့်အောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၈၁၂/က)၊ ပြည်ကြီးမျက်ရှင်ရပ်နေ ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင်တရားလို ဦးစံချိန်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၇)၊ ဦးပိုင်အမှတ်(၈၇) ထွန်တုံးရပ်ကွက်၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2573, FORD RANGER, P/U(4x4)Lယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းနန်ဆမ် ၁၃/မယန(နိုင်)၀၁၀၀၅၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7707, Isuzu ELF NKR 81L, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆွေ ၉/မနမ(နိုင်)၀၀၅၈၈၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/83575, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၅/ခဥတ(နိုင်)၀၅၈၉၉၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### အများသိစေရန် အသိပေးကြေညာချက်

ဒေါ်သဲစုထွေး(ခ)ဒေါ်သဲစုမြ ၉/နထက(နိုင်)၁၂၄၆၉၂ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ဒေါ်သဲစုထွေး(ခ)ဒေါ်သဲစုမြသည် နွားထိုးကြီးမြို့၊ အမှတ်(၃)ရပ်ကွက်တွင် နေထိုင်ပြီး "ငွေပေင်နန်း"အမည်ဖြင့် ချည်ထည်မျိုးစုံဖြန့်ချိရေးနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်ထားရာ ငွေရေးကြေးရေးအရှုပ်အရှင်း တစ်စုံတစ်ရာ မရှိသူတစ်ဦးဖြစ်ပါသည်။ ဒေါ်သဲစုထွေး(ခ)ဒေါ်သဲစုမြနှင့် ၎င်း၏မိသားစုတို့မှာ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ကြွေးမြီပေးချေရန် ယခင်ကတည်းက မရှိခဲ့ပါ။ ဒေါ်သဲစုထွေး (ခ) ဒေါ်သဲစုမြနှင့် ၎င်း၏မိသားစုတို့အား ဂုဏ်သိက္ခာကျဆင်းစေရန် ငွေရေးကြေးရေး အရှုပ်အရှင်းရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ကြွေးမြီပေးချေရန် ကျန်ရှိနေပါသည်ဟု မဟုတ်မမှန်စွပ်စွဲပြောဆိုသူများ၊ Facebook စာမျက်နှာနှင့် မည်သည့် Social Media တွင်မဆို ပြောဆိုရေးသားသူ မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲစုထွေး (ခ) ဒေါ်သဲစုမြ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၈၆၀)**
**အမှတ်(၇)ရပ်ကွက်၊ နွားထိုးကြီးမြို့**

### အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ်(၉) ၊ ဧရိယာ ၀ ဒသမ ၁၃၁ ဧကရှိ ကိုရင်လေး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း အရှေ့အနောက် (၉၂)ပေ၊ တောင်မြောက် ၁၅ ဒသမ ၆ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ (ရေ+မီး) အပါအဝင် ဝင်းခြံအကာအရံ အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချသူများက အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိအသုံးပြုလျက်ရှိသော မြေဖြစ်ကြောင်းလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုရောင်းချသူများ ဒေါ်ခင်စိန်ဝင်း (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၀၁၉၇၃၅ ၊ ဒေါ်တင်စိန်ဝင်း (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၀၁၉၆၆၄၊ ဒေါ်ဝေဝေ (ခ) ဒေါ်ရင်ရင်ဝေ (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၀၅၃၆၃၀၊ ဒေါ်ခင်ခင်ဝေ (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၀၁၉၇၅၀၊ ဦးထွေးလှိုင် (ဘ) ဦးသန်းခင် ၈/မကန(နိုင်) ၁၀၄၅၈၂၊ ဒေါ်စန်းစန်းဝေ(ခ)ဒေါ်စန်းစန်းဝင်း(ဘ) ဦးလှကျော် ၉/မနမ(နိုင်) ၀၁၉၆၇၇၊ ဒေါ်အေးအေးစမ်း (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၁၀၀၅၇၃၊ ဒေါ်တင်တင်ထွေး (ဘ)ဦးလှကျော် ၉/မနမ(နိုင်)၁၀၈၁၂၇၊ ဦးဝင်းမင်းသန်း (ဘ) ဦးလှကျော် ၉/မနမ(နိုင်)၁၀၁၅၂၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေများထဲမှ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်စွာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၄၇)**
**အကွက်(၂၃)၊ ၈၀x၈၉လမ်းကြား၊ ၇၈လမ်း၊ အမရဋ္ဌာနီ အရှေ့ရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၀၃၇၀၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

❖ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ်၊ စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါတယ်။

❖ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် (၂၀) ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံ သဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား/သူများကို စနစ်တကျ လွှတ်ပေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အားဖြင့် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်၍ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့်အပြင် စည်းကမ်းကောင်းမွန်စွာ နေထိုင်ကြသော အကျဉ်းသား/သူတို့အား

စာမျက်နှာ ၂၅ ကော်လံ ၁ ❐

### ယနေ့ သတင်းအညွှန်း

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ
မြို့နယ်သတင်းများ စာ - ၂၀

ဗြိတိန်နိုင်ငံသို့ဆိုက်ရောက်လာသည့် ကာကွယ်ဆေးအပြည့်ထိုးပြီးသူများအား ကိုဗစ် -၁၉ ဆေးစစ်မှုမှ ကင်းလွတ်ခွင့်ပေး
နိုင်ငံတကာသတင်း စာ - ၂၄

## (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပသည်။

စာမျက်နှာ ၂၆ ကော်လံ ၅ ❖

